တစ်ရက်ဖတ်ခ (100 ) ကျပ်
ရေစိုဆုတ်ပြဲပါက စာအုပ်တန်ဖိုး (2500 )
ပေးလျော်ရမည်။
မြန်လွင်ရိပ်၊ လမ်းမတော်၊ ဆင်ဖြူကျွန်းမြို့



# ခိတ်သွေး

## နှလုံးသား ဗိုလ်လုပွဲ

KHIT THWAY

HEART CHAMPIOM LEAGUE

(Strange Love Story)

## ပထမပိုင်း (လေးဆယ့်ငါးမိနစ်)

*

သက္ကရာဇ် နှစ် ထောင့်တစ်ဆယ်ပြည့်နှစ် (၂၀၁၀)

'နှလုံးသားမိုလ်လုပွဲ'

မှ

အဓိက ပွဲထွက်လူစာရင်း

San Htat-Football class

Vs

Shwe Yin Aye-United

အထောင်တိုက်စစ်မှူး-ဆန်းထက်

ကိုးသမား-ရွှေရင်အေး

ဗဟိုခံစစ်မှူး(ညာ)-ဦးကျော်ထက်

ဗဟိုခံစစ်မှူး(ညာ)-ဦးရွှေသာ

ဗဟိုခံစစ်မှူး(ဘယ်)-ဒေါ်ပွင့်ဆန်း

ဗဟိုခံစစ်မှူး(ဘယ်)-ဒေါ်သာမိုး

*

နှလုံးသားမိုလ်လုပွဲ (၂၀၁၀)

ဆန်းထက် (FC) . Vs. ရွှေရင်အေး (Unit)

Sat.P.M.15:00 (ကြားကွင်း)

*

ထောင်တိုက်စစ်မှု း (ST-FC)

ဆန်းထက်

*

ထောင်တိုက်စစ်မှု းအကြောင်း တစောင့်တစောင်း

ဆန်းထက်....။ ဆန်းထက်ဆိုတာ ဒဂုံတက္ကသိုလ်မှာ ရူပဗေဒ အထူးပြုယူထားတဲ့ နောက်ဆုံးနှစ် ကျောင်းသား တစ်ယောက် ပါ။

သူဟာ ပျော်ပျော်နေတတ်သူ တစ်ဦးပါ။ ပြီးတော့ ဘောလုံးဝါသနာအိုး။

ပြည်တွင်းမှာ ကန်တဲ့ မြန်မာနေရှင်နယ်လိဂ် (MNL) ကစ ပရီးမီးယားလိဂ်၊ ချန်ပီယံလိဂ် အလယ် ကမ္ဘာ့ဖလားပွဲအဆုံး မလွတ်တမ်းကြည့်တတ်သူတစ်ဦးလည်း ဖြစ်ပါတယ်။

ပွင့်ပွင့်လင်းလင်းနဲ့ အားမနာတမ်း ပြောရရင် ရပ်ကွက်ထဲက ကလေးလေးတွေ လမ်းမပေါ်မှာ ဘောလုံးကစားနေတာ တွေ့ရင်တောင် တမေ့တမော ထိုင်ကြည့်နေတတ်သူ တစ်ယောက် ပါပဲ။ သူကိုယ်တိုင် ကန်တတ်သလားဆိုပြန်တော့လည်း ဘောလုံးကို လက်တစ်ထွာ မြောက်အောင်ကန်နိုင်သူ မဟုတ်။

ဒါပေမယ့် သူက ဘောလုံးနည်းပြ လုပ်စားရင်တော့ အဆင်ပြေနိုင်ချေ ရှိပါတယ်။ ဘာကြောင့် လည်းဆိုရင် သူဟာ ဖြစ် ဖြစ်မြောက်မြောက် ဘောလုံမကန်တတ်ပေမယ့် ဘောလုံးပွဲတစ်ပွဲကို ကြည့်ပြီး အတော် ပါးပါးနပ်နပ် သုံးသပ်ဆုံးဖြတ်နိုင်သူ တစ်ဦးမို့ပါ။ ဘယ်နေရာမှာ ဘယ်သူနဲ့ လူစားလဲရင် အခြေအနေ ဘယ်လိုရှိသွားနိုင်တယ်။ တစ်ဖက်က ခံစစ်ကို ဘယ်သူက ဘယ်လို ထိုးဖောက်ကစားသွားရင်....စသဖြင့် ပေါ့ဗျာ။

ပြီးတော့ နှစ် ဖက်အသင်းရဲ့ အခြေအနေ အရပ်ရပ်ကို အကဲခတ်ပြီး ဘယ်အသင်း ကတော့ ဘယ်နှစ် ဂိုးလောက်နဲ့ နိုင်နိုင်တယ်...။ ဒီပွဲ ကတော့ သရေပွဲ...စသဖြင့် သူ့ခန့်မှန်းမှု တွေ က များ သော အားဖြင့် မှန်နေတာပါပဲ...။

ဆန်းထက်က ဘောလုံးနဲ့ ပတ်သက်လာရင် တော် တော် လေးကို ဝါသနာထုံသူပါ။ ထမင်းမစားရရင် နေပါစေ...။ ဘောလုံးပွဲကိုတော့ အလွတ်မခံနိုင်ဘူးဆိုတဲ့ လူစားမျိုး ။ P2-Game ကိုလည်း ဆန်းထက်က နှစ် ခြိုက်ခြိုက် ကစားတတ်တယ်။ Game အခွေ ကတော့ ထုံးစံအတိုင်း ဘောလုံးတစ်မျိုး တည်းကိုပဲ မညည်းမညူ ကစားနေတတ်သူပေ့ါ။

အပြင်မှာ သူသိပ်အားမရတဲ့ အသင်းတွေ ကို သူက P2 Game ထဲ ထည့်ဆော့ပြီး အားပါးတရ အောင်ပွဲခံတတ်သူ တစ်ဦးလည်း ဖြစ်ပါတယ်။

လူပုံ ကတော့ ခပ်ချောချော စာရင်းထဲမှာ နံပါတ် (၃) နေရာလောက်တော့

အမိအရ ယူထားနိုင်ပါတယ်။ အသားလေး ဖြူတာ...မျက်လုံးမျက်ဖန်ကောင်းတာ...မျက်ခုံးနဲ့ နှာတံအချိုး ကျလွန်းတာ..ဆံပင်စတိုင် ခပ်ဆန်းဆန်းလေးတွေ ထားတတ်တာ...ဝတ်ပုံစားပုံ Fashion ကျတာ...စတာတွေ ကြောင့် သူဟာ ဒဂုံတက္ကသိုလ်ဝန်းထဲမှာ King မဟုတ်ပေမယ့် King နည်းတူ နာမည် ကြီး တစ်ယောက် ပါ။

ဘောလုံးကလွဲရင် ဘယ်အရာကိုမှ အလေးမထားတတ်သော ....ဘောလုံးဂျာနယ်အစုံ အဖတ်ပြီး ဘောလုံးပွဲအကြောင်းကို ထမင်းမေ့ ဟင်းမေ့ မြိန်ရေယှက်ရေ ပြောဆိုနေတတ်သော ..စတဲ့ သူ့ရဲ့ ထူးခြားတဲ့ ကာရိုက်တာတွေ ကြောင့် လည်း ပါမယ်ထင်တယ်။

လူပျိုလူလွတ် တစ်ယောက် ရဲ့ အိပ်ခန်းဟာ များ သော အားဖြင့် (၈၀%) နီးပါး ရှုပ်ပွနေတတ်တာ ထုံးတမ်းအစဉ်အလာ တစ်ခုလို ဖြစ်နေတာ သိပ်မဆန်းလှပေမယ့် ဆန်းထက် အခန်း ရှုပ်ယှက်ခတ်နေပုံက တဆိတ် လွန်လွန်းတယ် ထင်ပါတယ်...။

အမြဲလိုလို သူ့အိပ်ယာနဲ့ အနီးတဝိုက် ပတ်ဝန်းကျင်မှာ ဘောလုံးဂျာနယ်တွေ Game အခွေတွေ နဲ့ သီချင်းအခွေတွေ ပြန့်ကျဲနေလေ့ ရှိပါတယ်။ အဝတ်တွေ ကလည်း ဟိုနေရာ၊ ဒီနေရာတွေ မှာ ပွဆာကျဲရှိနေတတ်စမြဲ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ သူ့အခန်းပတ်လည် ရှိသမျှ နံရံတွေ မှာ သူ သဘောကျတဲ့ နာမည် ကြီး ဘောလုံးသမား ပိုစတာပုံတွေ ကို နေရာလွတ်မကျန်အောင် အပြည့်ကပ်ထားပါတယ်။ ယုတ်စွအဆုံး မျက်နှာကျက်တွေ တောင် ဒီအတိုင်းမနေရ အကုန်လျှောက်ကပ်ထားသေးတယ်။

ကမ္ဘာမှာ ဆန်းထက်လို ဘောလုံးဝါသနာရှင်မျိုး ရှိမှ ရှိပါလေစွ။ မယုံတော့မရှိပါနဲ့။ ဆန်းထက်က အဲသလို ဘောလုံးဝါသနာအိုးလေးပါ။

သူ့မိဘတွေ ကတော့ လက်မြှောက်အရှုံးပေးထားတာကိုပဲ ကြည့်ပါတော့...။

*

# ပွဲထွက်ဂိုးသမား (SYA-Unit)

## ရွှေရင်အေး

*

## ပွဲထွက်ဂိုးသမားဆိုသည်မှာ က

ရွှေရင်အေး...။

ရွှေရင်အေးဆိုတာက တခြားသူ ဟုတ်ရိုးလား။ ဟောဒီ ဒဂုံတက္ကသိုလ်ဝန်းထဲမှာ အလှနတ်ဘုရားမလေး (Queen) တစ်ပါးပေါ့။

မျက်နှာချိုတယ်...အပြောကောင်းတယ်။ ပြီးတော့ ပိုက်ဆံ ချမ်းသာတယ်။ ကိုယ်လုံးကိုယ်ပေါက် ကတော့ ကိုယ့်ဆရာတို့ အကြိုက်ပုံစံမျိုး ပေါ့။ သူမ နာမည် က တချို့ ကောင်လေးတွေ အတွက် စနောက်ချင်စရာ အကွက်တစ်ကွက် ဖြစ်ခဲ့ရပေမယ့် သူမဟာ နာမည် နဲ့ အလွန်လိုက်ဖက်သူ တစ်ဦးပါ။

ဘာကြောင့် လည်းဆိုရင် သူမမျက်နှာကို မြင်ရသူအပေါင်းတို့ ခင်ဗျား နွေခေါင်ခေါင်ကြီးမှာ ရွှေရင်အေးလေးတစ်ခွက် သောက်လိုက်ရသလို ချက်ချင်း အေးမြသွားရစေသလိုပါပဲ...။ သူမဟာ အလှအပမှာ တင်မကပဲ....အခြား နာမည် ကြီးတဲ့ ဂုဏ်သတင်းတွေ သူမမှာ ရှိပါသေးတယ်...။ အဲဒါတွေ ကတော့...

(၁) အသန့်အပြန့်ကြိုက်ခြင်း

(၂) ရိုးသားကြိုး စားခြင်း

(၃) အချိန်တိကျပြီး ကတိတည်ခြင်း

(၄) ဘယ်အရာကိုမဆို လက်တွေ့ကျကျ ကျင့်သုံးတတ်ခြင်း တို့ပဲ ဖြစ်ပါတယ်။

စည်းစနစ်တွေ လည်း အလွန်အမင်း ကျတတ်လွန်းတဲ့ သူ့ကို သူမ သူငယ်ချင်းတွေ က အစွန်းရောက်လွန်းလို့ မှတ်ချက်ပေးထားကြပေမယ့် သူမ ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူခံယူချက်နဲ့ သူ ရပ်တည်နေသူ တစ်ဦးလည်း ဖြစ်ပါတယ်။

သူမက တက္ကသိုလ် ပထမနှစ် ကနေ အခု နောက်ဆုံးနှစ် အထိ လိုက်သူ ကြိုက်သူတွေ ရှိပေမယ့် အခုအချိန်ထိ ရည်းစား တစ်ယောက် မှ မထားဖူးသေးပါဘူး။ သူမ မျှော်မှန်းထားတဲ့ ပုံစံမျိုး မရသေးလို့ ထင်ပါရဲ့ ။

ရွှေရင်အေးက ယောက်ျားပီသပြီး စွဲဆောင်မှု ရှိသော ...အနေအထိုင် စမတ်ကျသော ...အပြောအဆို ယဉ်ကျေးသိမ်မွေ့ပြီး စူးရှထက်မြက်သော ယောက်ျားမျိုး ကို တွေ့မှသာ စဉ်းစားမည် ဟု သူငယ်ချင်းတွေ ကို ကြွေးကြော်ခဲ့ဖူးပါတယ်။ နောက်ပြီး သူမချစ်မိတဲ့ ချစ်သူဟာလည်း သူမရဲ့ လက်တွဲ ဖော်ပဲ ဖြစ်စေမည် ဟုလည်း အဆမတန် ပြောဆိုခဲ့ဖူးပါသေးတယ်။

သူငယ်ချင်းတွေ က သူမ မသိအောင် နှာခေါင်းရှုံ့မိကြပေမယ့် သူမကို ဘယ်သူကမျှ စောဒက မတက်ရဲကြပါ။ ဘယ်တက်ရဲပါ့မလဲ..။ ရွှေရင်အေးနဲ့ မတည့်လို့ အဆင်မပြေမှုများ ဖြစ်လာခဲ့ရင် ခံစားရမယ့် အကျိုး ဆက်တွေ က မနည်းဘူး မို့လား။

တစ်အချက် - သူမကားပေါ်မှာ စီးနင်းလိုက်ပါခွင့် ဆုံးရှုံးသွားမယ်။

နှစ် အချက် - သူမ ဒကာခံ ရှင်းလေ့ရှိသော တစ်ပါတ်ကို အနည်းဆုံး လက်ဆောင်တစ်မျိုး မျိုး ပေးလေ့ရှိသော ...စတဲ့ အခွင့်အရေး တွေ နဲ့

သုံးအချက် - Queen ဘေးကနေကပ်ပြီး (စိန်နားကပ် အရောင် နဲ့ ပါးပြောင်)

- Popular ဖြစ်နေခွင့်တွေ ဆုံးရှုံးသွားရမယ်...နောက်ထပ် မပြောပလောက်တဲ့ ကိစ္စ သေးသေးလေးတွေ ပါ နစ်နာသွားကြရမယ် မဟုတ်လား။

ဒီတော့ သူမတို့ လေးယောက် အဖွဲ့လေးထဲမှာ ရွှေရင်အေးက ဆရာပဲ။

ရွှေရင်အေးက ဒါဆို လုံး၀ ဒါပဲ။ သူမက ကျောင်းက သူငယ်ချင်းတွေ ကြားမှာ တင် မဟုတ်။ အိမ်မှာ လည်း သူမက မိုလ်၊ မိဘတွေ ကလည်း တစ်ဦးတည်းသော သမီးချောကလေးမို့ မျက်နှာတစ်ချက် မငြိုစေရ။ အကုန်အဆုံ အလိုလိုက်ပေးထားပြန်တယ်။

အနှစ် ချုပ်ပြောရရင် “ရွှေရင်အေး” ဆိုတဲ့ ကောင်မချောချောလေးက မာနကြီးသယောင် ထင်ရသော်လည်း သဘောမနောကောင်းတယ်။ (သူနဲ့ တည့်ရင်ပေါ့) သူမ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တတ်တယ်။

အရာရာမှာ အလေးပေးခံရမှ ကျေနပ်တတ်သူလေးလည်း ဖြစ်တ်။

နောက်....

......................................................။

*

## ကြားဖြတ်တင်ဆက်မှု (၁)

ဘယ်လိုကနေ ဘယ်လို စတွေ့ပြီး ဘယ်လိုတွေ ဖြစ်ကြတယ်မသိ။ ကျောင်းစာသင်နှစ် တစ်ဝက်လောက်မှာ သူတို့ နှစ် ယောက် ချစ်သူတွေ ဖြစ်သွားကြပါတယ်။

ဒီသတင်းက ဒဂုံတက္ကသိုလ်ထဲမှာ အတော် Popular ဖြစ်လိုက်ပါတယ်။ ဖြစ်ဆို...ဘယ်သူမှ ဒီလို ထင်မထားကြဘူးလေ။

သူလိုချင်တဲ့ ယောကျ်ားပုံစံက သိတော် မူကြတဲ့အတိုင်းပဲလေ...။ သူမရဲ့ စံချိန်စံညွှန်းတွေ ပြည့်မှီဖို့ နေနေသာသာ ကျောင်းချိန်တောင် မနည်း ထထ လာနေရတဲ့ ဘောလုံး ဝါသနာရှင်ကြီးနဲ့ ဘယ်လိုကနေ ဘယ်လိုလုပ်...။

အင်း...ဒါကိုပဲ တစ်ကျောင်းလုံးက စိတ်ဝင်စာနေတာပဲ ဖြစ်ပါတယ်။

စုံစမ်းကြည့်ဖို့ ဆိုတာလည်း ဘဲဥ အစရှာရသလိုပဲ မို့လား။ ဂျာအေး သူ့အမေရိုက်နဲ့ပဲ လုံးလည်ချာလည် လိုက်နေခဲ့တာ ကြာတောင်ကြာခဲ့ပေါ့။

အဲသလိုနဲ့ များ မကြာမီ အချိန်ကလေး အတောအတွင်း းမှာ နှစ် ဖက်မိဘတွေ သိရှိသွားကြဆိုရင်ပဲ သူတို့နှစ် ယောက် ရဲ့ ကြားမှာ 'ဟေတီ' လျှောင်တစ်ခု အလိုလို ပေါက်ဖွားလာခဲ့ပါတယ်။

ပြဿ နာရဲ့ အရင်းအမြစ်က နှစ် ဖက်မိဘတွေ ရဲ့ ဇာတ်လမ်းဟောင်းက စတယ်။ ရွှေရင်အေး အမေက ဆန်းထက် အဖေ့ရဲ့ တစ်ချိန်တုန်းက ချစ်သူ။ ဆန်းထက်လိုပဲ ဘောလုံး ဝါသနာကြီးလွန်းခဲ့တဲ့ ဆန်းထက်အဖေကို တစ်ဖက်က သဘောမတူကြဘူးလေ။ အပြင်းအထန် ကန့်ကွက်ပြီး ယောက်ျားပေးစားလိုက်တယ် ဆိုပါတော့။ မိဘ စကား မပယ်ရှားတတ်တဲ့ သမီးအလိမ္မာလေးက ချစ်ရသူ ဆန်းထက်အဖေကို ရင်နာနာနဲ့ စွန့်လွှတ်ပြီး အိမ်ကပေးစားတဲ့ ယောကျ်ားကို မျက်စိစုံမှိတ်ပြီး ယူခဲ့ရတယ်။

ရွှေရင်အေးအဖေကလည်း သူ့ဇနီးရဲ့ ဇာတ်လမ်းစလယ်ဆုံးကို သိပေမယ့် နဂိုကတည်းက တစ်ဖက်သတ်ကြိတ်ချစ်လာတဲ့ရတာ ဆိုတော့ အပြစ်မမြင်ခဲ့ပါဘူး။ ဇနီး ဖြစ်တဲ့သူကလည်း လင့်ဝတ္တရား (၅) ပါးနဲ့ အညီ သစ္စာရှိရှိ ပေါင်းသင်းခဲ့ပါတယ်။

ဒီအချိန်မှာ ပဲ လတ်လတ်ဆတ်ဆတ် အသဲကွဲထားတဲ့ ဆန်းထက် အဖေက သူ့ချစ်သူကို ငွေမက်၊ ဂုဏ်မက်တဲ့သူ အ ဖြစ်နဲ့ စိတ်နာမိတယ်။ သူ့ချစ်သူရဲ့ မိဘတွေ ကိုလည်း အမြင်မကြည်ခဲ့ပါဘူး။

ဒီလိုနဲ့ပဲ ဆန်းထက်အဖေက လက်စားချေတဲ့အနေနဲ့ ရွှေရင်အေးအဖေရဲ့ ကိုးတန်းဘဝက ချစ်ဦးသူကို မရမက လိုက်ပြီး လက်ထပ်လိုက်ပါလေရော။ မပိုင်ဘူးလား...။ ငါ့ချစ်သူ မင်းယူရင်...မင်းချစ်သူကိုလည်း ငါရအောင် ယူမယ်ဆိုတဲ့ သဘောပေါ့...။

အဲသလို...အဲသလို...ဂွင်္ဂဝင်မြောက်ခဲ့တဲ့ ရာဇဝင်လေးတစ်ပုဒ်က အေးခဲနေခဲ့တာ ကြာလှပါပြီ။ ဟော...အခုတော့ ဆန်းထက်နဲ့ ရွှေရင်အေးတို့ရဲ့ အချစ်က အဲဒီ့ အတိတ် ရာဇဝင်ဇာတ်လမ်းလေးကို အသက်သွင်းလိုက်သလိုပါပဲ...။

တစ်ဖက်က သား ဖြစ်သူ…ဆန်းထက်ကို ‘အဲ့ဒီကောင်နဲ့ ကောင်မ သမီးကလွဲရင် မင်း…သူတောင်းစားယူယူ…အိမ်ခေါ်ခဲ့ အဖေ ကြည်ဖြူတယ်’ တဲ့လေ…။

ရွှေရင်အေး မိဘတွေ ဘက်ကလည်း ရာဇသံကလည်း တကယ် ကြောက်ခမန်းလိလိပါပဲ…။ အို…ဘာတဲ့။

“အဲ့ဒီ ဘောလုံးရူးရူးပြီး ဂေါက်တောက်တောက် ဖြစ်နေတဲ့ ကောင်နဲ့သားကလွဲရင် ပြီးရော…သမီးလေးရာ…ငါ့ သမီးလေး စိတ်ရှိရင် ခွေးပဲ အမြီးဖြတ်ယူယူ အဖေ သဘောတူတယ်…” တဲ့ ခင်ဗျာ။

ဆန်းထက် ကတော့ ဘောလုံးရူးလေး တစ်ယောက် မို့ အဖေတူသား ဖြစ်တာ သေချာသွားပြီ။ ဒီလိုဆို ရွှေရင်အေးလေးကရော သူ့အမေတုန်းကလို မိဘစကားနားထောင်ပြီး ချစ်သူကို စွန့်လွှတ်မယ့် အမေတူ သမီးလေး လုပ်ဦးမှာ လား။

တစ်ခုသူတို့အတွက် သက်သာတာ ကတော့ ဘယ်ဘက် မိဘတွေ ကမှ သူတို့ကို အတင်းအကျပ် ယောကျ်ား၊ မိန်းမ မပေးစားကြသေးခြင်းပဲ ဖြစ်ပါတယ်။

ပရိသတ်ကြီးလည်း ဒီလောက်ဆိုရင် သူတို့ သူတို့တွေ ရဲ့ အကျပ်အတည်းတွေ ကို သဘောပေါက်ရောပေ့ါ။

ဘာတွေ ဘယ်လို ဆက် ဖြစ်လာကြမယ်ဆိုတာ အတိအကျ တပ်အပ်မပြောနိုင်ပေမယ့် သေချာတာ ကတော့ ဆန်းထက်နဲ့ ရွှေရင်အေးတို့ ချစ်သူနှစ် ယောက် ဟာ သိပ်ချစ်ကြတဲ့ ချစ်သူနှစ် ယောက် ဆိုတာပါပဲဗျာ…။

*

(2010)

## ST.EC (Vs) SYA-Unit

## Half Time – 45’

## ပထမပိုင်း (၄၅ - မိနစ်)

ရွှေရင်အေး တစ်ယောက် ထုံးစံအတိုင်း နာရီတကြည့်ကြည့်နဲ့ ချစ်ရသူကို စောင့်မျှော်နေတယ်။ ဆန်းထက်ဆိုတဲ့ အကောင်က အမြဲ ဒီအတိုင်းပဲ။ ကိုယ်က ယောကျ်ားလေး ဖြစ်ရက်နဲ့ ဘယ်တုံးကမှ ချိန်းထားတဲ့ နေရာကို ကြိုရောက်မနေဘူး။ မိန်းကလေး ဖြစ်တဲ့ သူမကပဲ အမြဲ စောင့်စောင့်နေရတာ တော့ ဘယ်ကောင်းပါ့မလဲနော်။

အခုလည်း ကြည့်ပါလား...။ ချိန်းထားတဲ့ အချိန်ထက် နာရီဝက်တောင် ကျော်လာပြီ။ အခုထိ ကိုယ်တော် ချောကို အရိပ်အယောင်တောင် မမြင်ရသေးဘူး။ အရင်နေ့တွေ လို ကျောင်းမှာ ဆိုရင် ကိစ္စ မရှိလှဘူး။ သူငယ်ချင်းတွေ နဲ့ ဆိုတော့ စောင့်လို့ စောင့်ရမှန်းမသိ။ အခုလို အတူးကတနဲ့ တွေ့ဖို့ချိန်းထားတာကျတော့ သူမ တစ်ယောက် တည်း အတော် ကြောင်တောင်တောင် နိုင်တယ်။

ဒီကြားထဲ တခြားအတွဲ တွေ က သူမကို ကွက်ကြည့်ကွက်ကြည့်နဲ့ ပြုံး စိစိ လုပ်သွားကြတာ အဆိုးဆုံးပဲ။

တွေ့ဦးမယ်...ဒင်းတော့...။

အမယ်....အခုမှ သတိရတယ်။ ကိုယ်တော် ချောက နောက်ကျမှာ ပေါ့...။ ဒီနေ့က တနင်္ဂနွေကြီးပဲ။ ညက ဘောပွဲတွေ တစ်ဝတပြုကြည့်ပြီး အိပ်ရာထနောက်ကျတာနေမှာ ပေါ့။ ဒင်းနဲ့တော့ ခက်ပါတယ်...။ နောက်ကျမှပဲ ဒင်းကို ဖြည်းဖြည်းချင်း ပုံသွင်းယူရမယ်။ အခုတော့ နေပါစေဦးပေါ့။ ဟွန်း...တွေ့ဦးမယ်..။

သူမ အတွေ းတွေ (long ball) ကစ်ချက်တစ်ခုလို ရှည်လျားနေစဉ် နောက်ကနေ ‘ဟိတ်’ ဆိုပြီး အော်လိုက်တဲ့ အသံကြောင့် အမှတ်တမဲ့ အလစ်ဝင်ကန်လိုက်တဲ့

ဘောလုံးတစ်လုံးကို အသည်းအသန် လိုက်ကာကွယ်နေရတဲ့ ဂိုးသမားတစ်ဦးလို ဖြစ်သွားရရှာတယ်။ မျက်ကလူးဆန်ပြာလေ...ဟဲဟဲ...ဟဲ....

"ဟိတ်!"

"အမယ်လေး..ဖတ်...ဖတ်"

သူမက ရင်ဘတ်လေးလက်နဲ့ ဖိပြီး ဂိုးသွင်းခံလိုက်ရတဲ့ ဂိုးသမား တစ်ယောက်လို မျက်နှာမျိုး နဲ့ ရှုံ့မဲ့ပြီး နောက်လှည့်ကြည့်လိုက်တော့ အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေတဲ့ တိုက်စစ်မှူး တစ်ယောက် ရဲ့ အပြုံး မျိုး နဲ့ သူမကို စိုက်ကြည့်နေတဲ့ သူ့ကို တွေ့ရတယ်။

"ဟင်...ဆန်းထက်...ရောက်လာသေးတယ်နော်..."

"ဟ..ရောက်ရမှာ ပေါ့ အေးရဲ့ ....ကိုယ့်ချစ်သူနဲ့ ချိန်းထားတဲ့ ဥစ္စာ..."

ကိုယ်တော် ချောက အပြော ကတော့ ရှောနေတာပဲ..

"ချိန်းထားတာ ဘယ်နှစ် နာရီလဲ..."

"ရှစ်နာရီလေ..."

"အခု ဘယ်နှစ် နာရီရှိပြီလဲ"

စပ်ဖြီးဖြီး လုပ်နေတဲ့ သူ့ကို သူမက လေ့ကျင့်ရေး ကွင်းထဲကို နောက်ကျပြီး ရောက်လာတဲ့ ကစားသမား တစ်ယောက် လို ပိတ်ဟောက်လိုက်သည်။

ဒါကို ကိုယ်တော် ချောက မှင်သေသေနဲ့ လက်ကနာရီကို ကြည့်တယ်။ နာရီမပါမှန်းသိတော့ သူမလက်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး သူမလက်ကနာရီကို မျက်မှောက်ကြုတ်ကြည့်တယ်။ နာရီက သေးနေလို့ မမြင်ရဘူး ထင်ပါရဲ့ ။ နောက်တစ်ကြိမ် အသေအချာ ကပ်ကြည့်ပြန်တယ်။ ပြီးမှ....

"ကိုးနာရီခွဲ...အဲ...ထိုးပြီးလို့ လေးမိနစ်ကျော်ကျော် ငါးမိနစ်ထဲမှာ ပါ...ဘာ ဖြစ်လို့လဲ.."

အမယ်...သူကပဲ....တပြန်ကြီး ပြန်မေးနေရတယ် ရှိသေး။

"ဘာ ဖြစ်ရမလဲ ဆန်းထက်...နင်နဲ့ငါနဲ့ ချစ်သူတွေ ဖြစ်လာတာ လေးလကျော်လို့ ငါးလထဲကို ရောက်နေပြီ...အဲ့ဒီချစ်သူသက်တမ်းတစ်လျှောက် ဒိုနှစ် ယောက် ချိန်းတွေ့တာ နင်ဘယ်နခါများ စောရောက်ဖူးလဲ...ကိုးနာရီတောင် ကျော်နေပြီ...နင့်ဟာက မလွန်လွန်းဘူးလား..."

သူက ပြောပြီး တစ်ဖက်ကို မျက်နှာ လွှဲသွားတယ်။

ဟားဟား...ဒါမျိုး အထာတွေ ကတော့ သူ့အတွက် ရိုးအီနေပါပြီ။ ဒီတော့လည်း ထုံးစံအတိုင်း သူက စပ်ဖြဲဖြဲလုပ်ပြီးတော့....

"အေးလေ...ငါက နောက်ကျနေကြပဲဟာကို...အေးက ဘာကိစ္စ ရေး ကြီးခွင်ကျယ် လုပ်နေရတာ လဲ...လာစမ်းပါ အေးရာ...တွေ့တုန်းတွေ့ခိုက် ပျော်ပျော်နေရအောင်ပါနော်..." ဆိုပြီး သူမကို ဖက်ထားလိုက်တယ်။

သူမက အတင်းရုန်းထွက်လိုက်တယ်။ ပြီးတော့ လေသံ ခပ်မာမာနဲ့..

"အရင်အခြေအနေနဲ့ အခုအခြေအနေ တူသလား...ဒီလောက် မိဘတွေ က အတင်းအကျပ် ထားတဲ့ဟာကို..."

"Sorry ပါ အေးရာ...နောက်တစ်ခါ ဒါမျိုး ထပ်မ ဖြစ် စေရပါဘူး...ညကလေ... လီပါပူးပွဲက နောက်ကျတော့ နည်းနည်း ညည့်နက်သွားတယ်...ဒါပေမဲ့ အေးနဲ့ ချိန်းထားတဲ့ ရှစ်နာရီတိတိမှာ ငါထတာပဲ...ပြင်တာဆင်တာ...သွားတာလာတာနဲ့ အဟီး..."

ထုံးစံအတိုင်း ကိုယ်တော် ချောက ကတိတွေ ပေးပြီး မျက်နှာချို သွေးနေပြန်တယ်။

"သွားစမ်းပါ ဆန်းထက်ရာ...နောက်တစ်ခါ ဒါမျိုး တွေ မ ဖြစ်စေရပါဘူး... ဘာညာဆိုတာတွေ က...အေးကို ပြောလာတာ ဘယ်နခါရှိပြီလဲ...ဘယ်တုံးကရော ကတိ တည်ခဲ့လို့လဲ..."

သူမက အပြောကို သူက အပြုံး နဲ့ ကာကွယ်လိုက်တယ်။

"အဟဲ...ဒီတစ်ခါ တစ်ကယ်ပါ...အေးရယ်နော်..."

"နေစမ်းပါဦး..ဘောင်းဘီနောက်...ခါးကြားထဲက ဘာကြီးလဲ..."

ဖုဖုဖောင်းဖောင်းကြီး ဖြစ်နေတဲ့ သူ့နောက်ကျောကို လက်ညှိုးထိုးရင်း မေးတယ်။

"ဘာမှ မဟုတ်ပါဘူး အေးရဲ့ ..ဂျာနယ်ကြီးပါ...ဟီး ဟီး...."

"ဘာဂျာနယ်လဲဆိုတာကိုတော့ သူမ မေးမနေတော့ပါ။ ထုံးစံအတိုင်း ဘောလုံးဂျာနယ်ပဲ နေမှာ ပေါ့.."

"ဆန်းထက်...နင် ရှူးသလို ပေါသလို လုပ်မနေနဲ့...အေးမှာ ....အတော် အခက်တွေ့နေပြီ.."

"ဘာလဲ...အနုတ်မပါလို့လား....အွန္တရာယ်ဆိုတာ လွယ်မထားရဘူး...ရော့...ငါ့မှာ အနုတ် ငါးဆယ်ပါတယ်....ပြေးပြေး...မြန်မြန်သာပြေး...ဟိုဘက်မှာ အများ သုံး အိမ်သာတွေ ရှိတယ်..."

အိမ်က ပြဿ နာတွေ ကို သူမက ချစ်ရသူကို တိုင်ပင်မလို့ အစပျိုး ရုံ ရှိသေး ကိုယ့်ဆရာက အတွေ းတွေ ဘေးချော် ထွက်သွားတယ်။

သူမလည်း အတော် စိတ်ပျက်သွားပုံ ရတယ်။

"နင့်ပိုက်ဆံ ငါးဆယ်ကို ငါက ဘာလုပ်ရမှာ လဲ တေုံးရဲ့ ...နင်ဟာလေ... ဘယ်တော့မှ သုံးလို့ရမှာ ကို မဟုတ်ဘူး..ငါက...အိမ်သာတက်ချင်လို့ ပြောနေတာ မဟုတ်ဘူးဟဲ့..."

"မဟုတ်ဘူးလား...ဒါဆို...အေးက ဘာတွေ များ အခက်တွေ့နေရတာ လဲ.."

သူမက သက်ပြင်းတစ်ချက်ကို သူ့ရှေ့မှာ သိသိသာသာ ချပြလိုက်တယ်။ ပြီးမှ...

"ဘာတွေ ခက်ရမှာ လဲဟာ...ဖေဖေပေါ့...အေး ကျောင်းပြီးရင်..သူ

စီစဉ်ပေးတဲ့သူနဲ့ လက်ထပ်ရမယ်လေ…မေမေက ဒီလောက် မဟုတ်ဘူး…ဖေဖေက ဘာလို့များ ဆန်းထက်ကို ခါးခါးသီးသီး ဖြစ်နေရတာ လဲ မသိဘူး..”

သူမ အပြောကြောင့် သူ့မျက်နှာလေး မဆိုစလောက်လေး အိုကျသွားတယ်။

“ငါလည်း ဒါကိုပဲ စဉ်းစားနေတာ…ငါ့ကိုလည်း အဖေက…အေးကလွဲရင်… သူတောင်းစားမပဲ…ယူ…သူကြည့်ဖြုပါတယ်တဲ့…”

ကိုယ်တော် ချောအပြောကြောင့် သူမ အောင့်သက်သက် ဖြစ်သွားရတယ်။။။

“နင့်အဖေက အေးကို အဲလိုပဲ ပြောတယ်ပေါ့…”

ကိုယ်တော် ချောကလည်း ခပ်တည်တည်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။

“အေး…ဖေဖေကလည်း ပြောပါတယ်…အဲ့ဒီ ကောင်ကလွဲရင် ခွေးကိုပဲ အမြီးဖြတ် ယူယူပါတဲ့…”

သူမ အပြောကို ဆရာသမားက ရှုံ့ရှုံ့ရှဲရှဲနဲ့…

“ဩော်…အေးအဖေက ငါ့ကို ခွေးလောက်တောင် အသုံးမကျတဲ့ကောင်လို့ ပြောလိုက်တာပေါ့” သူမက ခေါင်းညိတ်ပြတော့ သူပိုပြီး ဒေါသထွက်လာပုံ ရတယ်။ သူမကို ခပ်မာမာ လေသံနဲ့…

“အေးက ဘာကို ခေါင်းညိတ်တာလဲ..”

“ဖေဖေ ပြောတာ ဟုတ်နေတာပဲလေ…”

“ဘယ်လိုကွ…”

“အဲ…ယောင်လို့…ဇက်ညောင်းလို့ပါ…ညက အိပ်ရေး ပျက်တယ်လေ…”

သူမရဲ့ ကပေါက်တိ ကပေါက်ချာ ဆင်ခြေကို ကိုယ့်ဆရာက လက်မခံပါဘူး။ တဆင့်တက်ပြီး ဆက်ရစ်နေတယ်။

“နေစမ်းပါဦး…အေးက ဘာကိစ္စ အိပ်ရေး ပျက်ရတာ လဲ…”

"အမ်..."

မထင်မှတ်တဲ့ ဖြတ်တင်ဘောမို့ သူမ ကြောင်ငေးသွားရတယ်။ မကြာပါဘူး သူမကလည်း ဝါရင့် ကစားသမားတစ်ဦးလိုပဲ ကြုံသလို ပြန်ကန်ထုတ်ပစ်လိုက်တယ်။

"ဟိုလေ...နင်နဲ့ ဝေးရမယ့် အကြောင်းတွေ တွေးပြီး...ဝမ်းနည်းနေလို့ပါ... ပြီးတော့ နင့်ကို သတိရနေလို့.."

သူမရဲ့ ကန်ချက်က တစ်ဖက်ဂိုးထဲကို တည့်တည့် ရောက် သွားပါတယ်။ ကိုယ့်ဆရာ မျက်နှာကြီးကိုလည်း ကြည့်ဦး...ပြုံး လို့....ဖြီးလို့..။

"ကဲပါ...အခု အေးက ငါ့ကို ဘာပြောချင်တာလဲ"

"ဟော..ပြောပြီးပြီလေ...ကျောင်းပြီးရင် ယောက်ျား ပေးစားမှာ တဲ့..."

"အင်း...ကျောင်းပြီးဖို့က နှစ် လလောက်တောင် လိုပါသေးတယ်"

"နှစ် လလောက် လိုပါသေးတယ်တွေ ဘာတွေ လုပ်မနေနဲ့...ဆန်းထက်...နင် ဘာလုပ်ဖို့ စဉ်းစားထားလဲ...ပြောဦး..."

သူမ အမေးကို သူ တော် တော် နဲ့ ပြန်မဖြေနိုင်သေး။ တစ်ခုခုကို အပြင်းအထန် တွေးတောနေပုံလည်း ရတယ်။ ခဏနေမှ..

"ဘာလုပ်ရမှာ လဲ..ကစားကွက်ပြောင်းပြီး...တိုက်စစ်ဖွင့်ရတော့မှာ ပေါ့ကွာ..."

*

## ပွဲစဉ် (၂)

ထုံးစံအတိုင်း canteen မှာ ရွှေရင်အေး တစ်ယောက် သူမ သူငယ်ချင်းလေးယောက် နဲ့အတူ စကားတပြောပြောနဲ့ ဆန်းထက်ကို မျှော်နေမိပါတယ်။

နောက် ဆယ်မိနစ်ဆိုရင် အတန်းစတော့မယ် မဟုတ်လား။

ဒင်းဟာလေ..မနေ့က သေသေချာချာ မှာ ထားရက်နဲ့။ ဘယ်တော့မှလည်း သူမ စိတ်တိုင်းကျ ဖြစ်လာမှာ မဟုတ်ပါဘူး။

"ဟဲ့...ရွှေရင်အေး...မျှော်လှ ချည်လားဟဲ့...အချိန်တန်လာမှာ ပါ...ငါပြောတဲ့... ဂူလျှန်ဖြိုး ကားက လည်း တကယ် မိုက်တယ် သိလား...ဒီလိုဟ..."

အိရွှေစင်က သူမ ပြောပြနေတဲ့ ကိုရီးယားကားကို စိတ်မဝင်စားဘဲ ကျောင်းဝကိုသာ ငေးနေတာကြောင့် ရွှေရင်အေးကို လှမ်းပြောရင်းမှ သူ့ ကိုရီးယားကားကို ဆက်ပြောနေတယ်။ ကိုးရီးယား ဝါသနာအိုးတွေ ဖြစ်ကြတဲ့ သီတာမိုး၊ ကေခိုင်၊ အေးသိမ့် တို့ ကတော့ အိရွှေစင်အပြောမှာ မျောနေကြပုံ ရတယ်။

"ဟာ"

"ဟင်"

"အို"

စတဲ့ အာမေဋိတ်သံတွေ တပုံကြီးနဲ့ စိတ်ဝင်တစား အားပေးနေကြပါတယ်။ သူမကိုတောင် စကားလှည့်မပြောအားသေး။

ဟော...ပြောရင်းနဲ့ သူလာလေပြီ။ သူ့ပင်ကိုယ်ဟန်အတိုင်း ဘေးက သူငယ်ချင်း ဖြစ်တဲ့ ဖိုးလုံးနဲ့အတူ ညက မန်ယူပွဲအကြောင်း အကြိတ်အနယ် ငြင်းခုံလာကြပုံ ရတယ်။ သူ့လက်ထဲမှာ လည်း 'Forever' အားကစား ဂျာနယ်ကြီးနဲ့ပါ။ ဂျာနယ်ကို တဘုန်းဘုန်းရိုက်ပြီး ဖိုးလုံးကို အကိုးအကားနဲ့ တစ်ခုခု ပြောလာပုံ ရတယ်။ ဟို တစ်ယောက် ကလည်း အသည်းအသည် ငြင်းဆန်နေပုံရတယ်။ ခေါင်းတခါခါ ဖင်တရမ်းရမ်းနဲ့။

လိုက်လည်း လိုက်ဖက်တဲ့ သူငယ်ချင်းနှစ် ယောက် ။ အင်းပေါ့...ဒါကြောင့် လည်း သူတို့ နှစ် ယေယာက် ဒီလောက် တွဲ ဖြစ်နေကြတာ။

ဟောဟော...ဟော နှစ် ယောက် သား ပြောရင်းဆိုရင်းနဲ့ သူမတို့ရှိရာ Canteen

ကို ကျော်ပြီး ဆက်လျှောက်ရင်း ငြင်းခုံသွားကြတယ်။

သူတို့နှစ် ယောက် ကို ကြည့်ပြီး အံ့ဩလွန်းလို့ ထင်ပါရဲ့ ။ အိန္ဒြေစင်တောင် သူ့ရဲ့ ပြောလက်စ ဂူဂျွန်ဖြိုး အကြောင်း ရပ်သွားပြီး သူတို့နှစ် ယောက် ကို လက်ညှိုး ကြီးထိုးကာ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတယ်။

ဆန်းထက် ဖြစ်ပုံကိုကြည့်ပြီး သူမမှာ စိတ်ဆိုးရခက် ရယ်ရခက်နဲ့ ဖြစ်နေရရှာတယ်။

ကြည့်ဦး...ဆန်းထက်ဆိုတဲ့ကောင်က ဘောလုံးအကြောင်းပြောနေရရင် အဲ့သလိုပါဆို။ ရည်စား တစ်ယောက် လုံး ကန်တင်းမှာ ထိုင်စောင့်နေမှာ သိသိကြီးနဲ့ကို စကားပြော ကောင်းကောင်းနဲ့ မေ့သွားတာပါဆို။

နောက်ဆုံးတော့ သူမက canteen ထဲကနေ "ဆန်း....ထက်...." ဆိုတဲ့ အော်သံကြီးနဲ့ ပွဲသိမ်းပစ်လိုက်တယ်။

အလန့်တကြား ထအော်လိုက်တဲ့ အလှဘုရင်မလေးကို ဆိုင်ထဲက ကျောင်းသူကျောင်းသားတွေ က 'ဘာ ဖြစ်တာလဲ' ဆိုတဲ့ အတွေ းနဲ့ ဝိုင်းကြည့်နေကြတယ်။

သူမ ကတော့ ဘာကိုမှ ဂရုမစိုက်ဟန်နဲ့ ဆန်းထက်တို့ နှစ် ယောက် ကိုပဲ မျက်လုံးကြီး ပြူး ကြည့်နေကြတယ်။

ကိုယ်တော် ချောကလည်း သူမ အော်သံကြားမှ ခြေလှမ်း ရပ်သွားတော့တယ်။ ပြီးတော့ နှစ် ယောက် သား ကိုယ့်အ ဖြစ်ကိုယ် ရိပ်မိသွားပုံ ရတယ်။ တစ်ယောက် ကို တစ်ယောက် ကြည့်ပြီး ထုံးစံအတိုင်း ပြုံး ပြုံး ပြုံး ပြုံး နဲ့ နောက်ကြောင်းပြန်လှည့်လိုက်ပြီး သူမတို့ရှိရာ ကန်တင်းထဲကို စပ်ဖြဲဖြဲနဲ့ ဝင်လာကြတယ်။

"နင်တို့ နှစ် ယောက် ကလည်း တကယ်ပဲ...လက်လံတယ်..."

ဝင်ဝင်ချင်း အိန္ဒြေစင်က သူမကိုယ်စား ဆီးပြောလိုက်တယ်ဆိုရင်ပဲ သူက ပြုံး ဖြဲဖြဲနဲ့...

"ဟဲ..ဟဲ...ညက ပွဲအကြောင်း ဒီကောင်နဲ့ ငြင်းလာရင်းကနေ ကျော်သွားတာ..."

"ဟေ့...ကျစိမ့်နှစ် ခွက်နဲ့ ရှုဘီတစ်ပွဲပေးဟေ့..."

ဖိုးလုံးက သူ့အတွက်ပါ လ္ဘက်ရည်မှာ ပေးရင်း သူ့လက်ထဲက ဂျာနယ်ကို ယူဖတ်လိုက်တယ်။

သူမ ကတော့ ဆန်းထက်ကို ဘာစကားမှ မပြောဘဲ စားတော့ ဝါးတော့မတတ် စိုက်ကြည့်နေတယ်။

ဒါကိုလည်း ဆရာသမားက သတိမထားမိသေးဘူး။ ဘောလုံးဂျာနယ်ကို သဲကြီးမဲကြီး ဖတ်နေတဲ့ ဖိုးလုံးကို...

"မင်း...အဲ့ဒီမှာ သေချာကြည့်...မနေ့ညက ဝဲကော့ဒ် သွင်းတဲ့အလုံးက လူကျံတာပါဆိုတာကို..."

"မဟုတ်ပါဘူး...တိုက်စစ်မှူး ရာ...မင်းပြောတဲ့ လူကျံဘောဆိုရင် ...ဘာကိစ္စ အနိုင်ပေးလိုက် တာလဲ..."

"ငါပြောတာ အဲ့ဒါပဲ...အဲဒီ ညက မန်ယူရှုံးသွားတာ မတန်ဘူးဆိုတာ... ဒိုင်ကလည်း ပါလွန်းတယ်။"

ဖိုးလုံးက တစ်ခုခု ပြန်ပြောမလို့ ရှိသေးတယ်။ သူမရဲ့ ပေါက်ကွဲသံစဉ်တစ်ခုကြောင့် အသာငြိမ်နေလိုက်ရတယ်။

"ဆန်းထက်...နင် အတော် လွန်နေပြီနော်.."

ရုတ်တရက် နားနားကို ကပ်အော်ခံလိုက်ရသလိုပဲ...ကိုယ်တော် ချော တစ်ယောက် လန့်သွားတယ်။

"အမလေး...ဂိုး...ဂိုး.."

နှစ် ဖက်အသင်းတွေ ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ ကို သိပေမယ့်

ဖိုးလုံးအပါအဝင် သူမ သူငယ်ချင်းလေးယောက် ပါ သူယောင်တဲ့အသံကြောင့် တခွိခွိတွေ ဖြစ်ကုန်ကြတယ်။ ဒီ ဖြစ်ပုံက သူမက ဒေါသကို Speed ထပ်မြှင့်ပေးလိုက် သလိုပါပဲ။

“ဆန်းထက်…နင်ဟာ…ငါ့ကို ဘယ်တော့မှ အလေးအနက် မထားဘူး… ဂရုမစိုက်ဘူး…နင့်ရဲ့ ဘောလုံးသမားတွေ အကြောင်းလောက်တောင် ငါ့ကို အရေး တယူ မပြောဖူးဘူး…”

“ဟာ…အေးကလည်းကွာ…ငါက အမှတ်တမဲ့နဲ့မို့ ကျော်သွားတာပါ…ငါက ဘာ ဖြစ်လို့ ဂရုမစိုက်ရမှာ လဲ…ရှားရှားပါးပါး…ဒီ အချစ်လေး တစ်ယောက် ပဲ ရှိတယ်ဟာကို…”

တစ်ဖက်အသင်းက ထိုးဖောက်ဟန်က စိုးရိမ်စရာ အခြေအနေမို့ သူ့ဘက်က ခံစစ်အသွင်ပဲ ပွဲကို ထိန်းထားလိုက်ရတယ်။

“သွားစမ်းပါ…အပိုတွေ ပါ ဆန်းထက်ရာ ငါမနေ့က နင့်ကို ဘာတွေ မှာ ထားလဲ…”

“မနေ့က…” ဆိုပြီး သူက ဖင်ကုပ်ခေါင်းကုပ်နဲ့ အသည်းအသန် စဉ်းစားလိုက်တယ်။ ခဏနေမှ…

“သြော်…မနေ့က…အေး ပြန်ခါနီး မှာ သွားတာတွေ က…ညကျရင် …အေးကို သတိရနေရမယ်…ပြီးတော့ အိပ်မက်ထဲလည်း အေးကို…”

“တော် စမ်း…ပေါက်ကရတွေ …”

ကြာရင် နားရှက်စရာတွေ ပါလာမှာ စိုးတာနဲ့ အလျှင်အမြန် တားလိုက်ရတယ်…၊ ဒင်းဟာလေ..ပြောလိုက်ရင် တလွဲတွေ ပဲ ကြည့်…။

သူမရဲ့ ရုတ်တရက် တားမြစ်သံကြောင့် ကိုယ်တော် ချော တစ်ယောက် ကြောင်ငေးသွားတယ်။

“ဘာတွေ ပြောနေမှန်းကို မသိဘူး…”

“ဟုတ်တယ်လေ…အေးပဲ…ငါအိပ်ရင်တောင်…မေ့မထားပါနဲ့….အိပ်မက်ထဲထိ

သတိရပါဆို...”

“ဆန်းထက်..အရူး...နင်ဘာတွေ လျှောက်ပြောနေတာလဲ...မရှက်ဘူးလား... မနေ့က ငါမှာ တာ...နင် ဒီနေ့မနက် ကျောင်းစောစော လာဖို့လေ...”

“သြော်...ဒါလား...ဆောတီး...ဆော်တီး...”

သူမတို့ အတွဲ ဖြစ်ပုံကိုကြည့်ပြီး ဘေးက သူငယ်ချင်းတွေ က ကြိတ်ရယ်နေကြတယ်။

“ဟုတ်တယ်..နင်တို့နှစ် ယောက် ကလည်း လွန်ကို လွန်လွန်းတယ်... ဘယ်တုံးကမှ ကျောင်းကို စောမလာဘူး”

ကြားကနေဝင်ပြောတဲ့ ကေခိုင့်စကားကို ဖိုးလုံးက စောဒက ထပ်တက်တယ်။

“ဟာ...ငါက တစ်ခါတစ်လေ စောပါတယ်...ဒီကောင် တိုက်စစ်မှူးကြီးပဲ...အဲဗား နောက်ကျနေတာ..”

(ဘောလုံးဝါသနာကြီးလွန်းတဲ့ သူ့ကို သူငယ်ချင်းဖိုးလုံးနဲ့ အသိအတော် များများ က သူ့ကို တိုက်စစ်မှူးလို့ ချစ်စနိုးနဲ့ ခေါ်လေ့ခေါ်ထ ရှိပါတယ်...ဤကား စကားချပ်..) အချွန်နဲ့ ဝင်,မ နေတဲ့ ဖိုးလုံးကို သူက သူမ မသိအောင် ခြေထောက်ကို ဆောင့်နင်းပစ်လိုက်တယ်။

“အား....”

“ဟဲ့...ဘာ ဖြစ်တာလဲ...ဖိုးလုံး”

အိန္ဒြေစင်အမေးကြောင့် ဆန်းထက်ကလွဲပြီး ကျန်လူအားလုံးက ဖိုးလုံးကို စူးစမ်းသလို ကြည့်နေကြသည်။

“အဟဲ...ဘာမှ မ ဖြစ်ပါဘူး...ပုရွတ်ဆိတ်ကိုက်လို့ပါ...ဟဲဟဲ..”

ဖိုးလုံးက မှသားပြောရင်း ဆန်းထက်ကို မျက်စောင်းခဲ ကြည့်နေတယ်။ သူက ဒါကို မသိဟန်ဆောင်ပြီး လှဖွက်ရည် ကျစိမ့်လေးကို စိမ်ပြေနပြေ အရသာခံ

သောက်နေလိုက်တယ်။ သူ့ပုံစံကို ကြည့်ပြီး သူမ ကတော့ ဒေါသူပုန်ထနေပုံပါပဲ။ အဲ့ဒီ အချိန်မှာ ပဲ canteen က ဖွင့်လိုက်တဲ့ ဇော်ဂနည် သီချင်းသံကြောင့် အားလုံး ပြုံး စိစိတွေ ဖြစ်သွားကြတယ်။

“xxxသမီးရည်းစားအချင်းချင်းxxxစနောက်တတ်ခြင်းxxxရင်ခုန်သံတူတယ်ဆိုရင် ပြီးကကြစို့xxxသုံးမိနစ်xxxသုံးမိနစ်”

သီချင်းအလိုက်အတိုင်း ဆန်းထက်က “စိတ်ကောက်လို့ပြီးနောက်xxx သိပ်ချစ်ဖို့ကောင်းxxx” ဆိုပြီး စပ်ဖြဲဖြဲ လုပ်ပြလိုက်တော့ သူမ ဘယ်လိုမှ တင်းမထားနိုင်တော့ဘဲ ရယ်မိပါတော့တယ်။ ဒါပေမယ့် ဆန်းထက် တစ်ယောက် လုံးဝ မစားသာပါဘူး။

အကြောင်းက ရှက်ရယ်ရယ်ပြီး အလိုလို ရောက်လာတဲ့ သူမလက်က သူ့ ဗိုက်ခေါက်ပေါ်ကို မညှာမတာ ရောက်လာလို့ပါပဲ…။

“အား…”

*

ဗဟိုခံစစ်မှူး (၆၇.၅၉)

ဦးကျော်ထက် (ညာ)

ဒေါ်ဆန်းပွင့် (ဘယ်)

*

## ပွဲစဉ် (၃)

ဆန်းထက် တစ်ယောက် အိမ်အပေါ်ထပ်က သူ့အခန်းလေးထဲမှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို အားရပါးရ / စိတ်ရှိလက်ရှိ ကန်နေပါတယ်။

သူက မန်ချက်စတာယူနိုက်တက် (မန်ယူ)အသင်းကို ယူထားပါတယ်။ တစ်ဖက်က ကွန်ပျူတာ အသင်း ကတော့ ဘာစီလိုနာ (ကာတာ) အသင်းပါ။

ပွဲက ဒုတိယပိုင်းရောက်လာတာနဲ့ အညီ ပြိုင်ဆိုင်မှု ကလည်း အတော် ပြင်းထန်နေပုံ ရပါတယ်။ ဘယ်သူ့ဘယ်သူမှ ဂိုးမရရှိကြသေးပါဘူး။ ဆန်းထက် ကတော့ မျက်တောင်တစ်ချက်တောင် မခတ်ရဲဘဲ ပွဲအပေါ်မှာ အတော် အာရုံစိုက်ပြီး ကစားနေပါတယ်။

ထိုအချိန်မှာ ပဲ သူ့အခန်းတံခါးလေး ပွင့်သွားပြီး အဖေ ဖြစ်သူ ဦးကျော်ထက်က ဝင်လာပါတယ်။

သူ့အခန်းလေးထဲကို အဖေရော အမေရော ဝင်လေ့ဝင်ထ မရှိပါ။ ဒီနေ့မှ ထူးထူးခြားခြား အဖေက ဝင်လာတော့ သူ့အာရုံလေးတစ်ချက် တိမ်းစောင်းသွားပြီး အဖေ့မျက်နှာကို တစ်ချက်ကြည့်လိုက်မိတယ်ဆိုရင်ပဲ...

“GOAL!”

“ဟာ...သွားပြီ...”

အလစ်ချောင်းနေတဲ့ တစ်ဖက်အသင်းက တိုက်စစ်မှူး ဟင်နရီက သူ့ဂိုးသမား ဗန်ဒါဆားကို အလစ်ပိတ်သွင်းသွားခြင်းပဲ ဖြစ်ပါတယ်။

“သား....Game ဆော့နေတာလား...”

စိတ်ထဲ မကြည်မလင် ဖြစ်သွားတဲ့ သူက သိသိရက်နဲ့ မေးလာတဲ့ ဖအေ ဖြစ်သူကို ခေါင်းညိတ်ပြလိုက်တယ်။

“သား...အားလား...”

ဟ...ဘယ်လို အဖေမျိုး ပါလိမ့်။ ဂိမ်းကစားနေတာ မြင်ရဲ့ သားနဲ့လည်း ဂိမ်းဆော့နေတာလား မေးတယ်။ ဟော...အခုလည်း အားလားတဲ့။ ခက်ပါ့..အဖေရာ၊ ခပ်တည်တည်နဲ့ 'မအားဘူး' လို့ ဘုတောလိုက်ချင်ပေမယ့် သူက အဖေကိုဗျ။ ဒီတော့လည်း...

"ဟုတ်ကဲ့...အားပါတယ်...ဘာ ဖြစ်လို့လဲ အဖေ"

"ဪ...ထူးထူးထွေထွေတော့ မဟုတ်ပါဘူး သားရာ၊ ဟိုတစ်ခါ အဖေ ပြောထားတဲ့ ကိစ္စ သားလုပ်ပြီးပြီလားလို့ သိချင်လို့ သတိရတုန်း လာမေးတာပါကွာ..."

သူက ရုတ်တရက် နားမလည်လိုက်။ ဖအေ ဖြစ်သူကို ထပ်မေးလိုက်တယ်။

"ဘာကိစ္စလဲ"

"ဟိုဟာလေကွာ...မင်းကောင်မလေး...ရွှေရင်အေးကို အဆက်ဖြတ်ခိုင်းထားတဲ့ ကိစ္စ"

"ဪ..." ဆိုပြီး သူဆွံ့အသွားရတယ်။ ဒါပေမယ့် သိတယ်မို့လား..။

"ဒီကိစ္စလား...သား....အပြတ်ကောထားလိုက်တာ ပြတ်သွားပြီ....တစ်ပါတ်လောက်တောင် ရှိပါပြီ...ဘာ ဖြစ်လို့လဲ.."

ပေါ့ပေါ့ပါးပါး ပြောပြသွားတဲ့ သူ့သားရဲ့ စကားသံတွေ ကြောင့် ဦးကျော်ထက် သဘောကျသွားတယ်။

"အေးကွ...ငါ့သားက ဒီလိုကို ဖြစ်နေရမှာ ...ကောင်းတယ် ကောင်းတယ်"

"အမယ်...ကောင်မလေးကို ပုလဲတွေ ဘာတွေ ခပြီး သားကို အတင်းလိုက်ကပ်နေသေးတယ်...သားမှာ မနည်း ခါချထားရတာ .."

"ဒီလိုပဲ ဖြစ်နေရမှာ ပေါ့ ငါ့သားရာ...ငါ့သား ဇ အကြောင်း အဖေ သိတာပေါ့... မှတ်ထား...မယားနဲ့ နွား မသနားနဲ့တဲ့ကွ...ဘာမှ စိတ်မကောင်း ဖြစ်နေစရာကို မလိုဘူး...ဒီမယ် ငါ့သား...အခု အဖေ့ကိုပဲ ကြည့်စမ်း...မင်း အမေကို အဖေ ကိုင်တွယ်ထားတာ..ဟင်း..ဟင်း"

"သိပါတယ် အဖေကလည်း...သားအဖချင်း ကပ်ကြွားနေပြန်ပြီ.."

"ဟောကောင် ဘာတွေ လျှောက်ပြောနေတာလဲ...ငါက အထိန်အသိမ်း...ကွန်ထရိုး လုပ်ထားတာကို ပြောနေတာကွ"

"ဟောဗျာ...အဖေ့သားကရော...ဘာပြောလို့လဲလို့"

အသည်းအသန် ငြင်းဆန်နေတဲ့ အဖေ့ကို သူက မှင်သေသေနဲ့ ပြောလိုက်တော့...

"ဩော်...ဟုတ်လား...သိပါဘူးကွာ..." ဆိုပြီ ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားတယ်။ သူ့အဖေပုံကို ကြည့်ပြီး သူ ကြိတ်ရယ်နေမိတယ်။

"ဒါနဲ့...ငါ့သား မင်းစာမေးပွဲ ပြီးဖို့ ဘယ်လောက် လိုသေးလဲ.."

"ဟင့်အင်း...သိပ်မလိုတော့ပါဘူး...တစ်လခွဲလောက်ပါပဲ...ဘာ ဖြစ်လို့လဲ..."

"ဩော်...ဘာမှတော့ မဟုတ်ပါဘူး...ငါ့သား စာမေးပွဲပြီးရင်...အဖေ့ သူငယ်ချင်း တစ်ယောက် ရဲ့ သမီးလေးနဲ့ တွေ့ပေးချင်လို့ပါကွာ"

ဗုဒ္ဓေါ...။ ဒါ...ဘယ်လို သဘောတရားကြီးပါလိမ့်။ သူ ရှည်ရှည်ဝေးဝေး တွေးတောနေချိန် မရှိပါ။ ဟန်ကိုယ်ဖို့ လိုတယ်မို့လား။

"တွေ့ပေးချင်တာများ ...ခေါ်ခဲ့ရောပေါ့ အဖေရာ...စာမေးပွဲပြီးမှတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့တော့.."

"အမ်.."

အထင်နဲ့ အမြင်တစ်မျိုး စီ ဖြစ်နေတဲ့ ဦးကျော်ထင် တစ်ယောက် အတော် ကို အံ့အားသင့်နေတယ်။ ဒီကိစ္စမှာ သူ့သားကို အတော် ပြောယူရမယ် ထင်ထားခဲ့တာလေ...။ ဟော...အခုတော့ ကြည့်ဦး..။

"ဟော...ငါ့သားကလည်း ဇွတ်ကြီးပါလား...။ စာမေးပွဲလေးပြီးအောင်တော့

အောင့်ထားပါဦးကွာ…”

“ရဘူး…ကျွန်တော် က ဖအေတူ သားလေဗျာ…ပြင်းတယ်…ဒါဆို ဒါပဲ…”

“ဟားဟား..ဟား…”

“……….”

“အေးကွ…ဒါမျိုး မှ ငါ့သားပီသတာ…အဖေဆိုရင် မင်းအမေကို….”

အဖေ့ရဲ့ ကြော်ငြာအစီအစဉ်စတင်ဖို့ ဟန်ပြင်နေစဉ်မှာ ပင် အောက်ထပ်က အမေ့အော်သံကြောင့် ဂိုးပေါက်လွဲသွားတယ်။

“တော့် ….ကို ကျော်ထက်…ကလေးအခန်းထဲမှာ ဘာလုပ်နေတာလဲ…ဒီမှာ လာကူလုပ်ပေးဦး…”

“အော်…အေး…လာပါပြီဟ…”

ပြာပြာသလဲ ဖြစ်သွားတဲ့ အဖေ့ ပုံစံကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရတယ်။ ဒါတောင် အောက်ဆင်းခါနီး အဖေက ပြောသွားသေးတယ်။ ဘာတဲ့…။

“ပြီးမှ တစ်ခေါက်ပြန်လာခဲ့မယ်…ဆော့ဆော့…ငါ့သား ဆက်ဆော့..။”

သူ ဆက်ကစားချင်စိတ်လည်း မရှိတော့ပါဘူး။ ညက စီးရီးအေပွဲတွေ ရှုံးထားတဲ့အပြင် အခု Game ထဲမှာ လည်း ရှုံးနေရပြန်တယ်။ ဒီကြားထဲ အဖေကပါ နှလုံးသားရေး ရာတွေ ကို တစ်ဖက်သတ် ဝေဖန်တိုက်ခိုက်မှု တွေ ကို ကြုံလိုက်ရတယ်။ ဘောလုံးပွဲတွေ မှာ လိုသာဆို အကောင်းသား။

အဲသလို ဝေဖန်တိုက်ခိုက်မှု တွေ ကို စွဲချက်တင်ပြီး တရား စွဲဆိုနိုင်သည်။ ဖီဖာကလည်းနေမှာ မဟုတ်။ ဟော…အခု ကျတော့ ဘယ်နဲ့လုပ်ရပါ။

*

# ကြားဖြတ်တင်ဆက်မှု (၂)

နောက်တစ်ရက်မှာ ပေါ့...။ ဆန်းထက်နဲ့ ရွှေရင်အေးတို့ ချစ်သူနှစ် ယောက် ဟာ ကစားကွက်ပြောင်းပြီး တိုက်စစ်ဖွင့်ဖို့အတွက် မိဘတွေ ကို အချိုသတ်ထားပြီး ချစ်သူတွေ အဖြစ်က ပြတ်စဲသွားကြပြီ ဖြစ်ကြောင်း အလိမ္မာသုံးထားပြီးတဲ့နောက် ကွာတားဖိုင်နယ် နောက်တစ်ဆင့်တက်ဖို့အတွက် ဆန်းထက်က သူ့အဖေကို...

"အဖေ...သားနဲ့ ဟိုကောင်မလေး ကတော့ လုံဝကို ပြတ် သွားပါပြီ...ဒါပေမယ့် အဖေ့ကို သား မရှင်းတာလေးတော့ မေးပါရစေ...ဘာ ဖြစ်လို့ အဖေက အဲဒီ ဦးရွှေသာသမီးလေး ဖြစ်တာနဲ့ပဲ ခါးခါးသီးသီးကြီး ဖြစ်သွားရတာ လဲ" ဟု တစ်ဖက်လှည့်နဲ့ မေးသလို ရွှေရင်အေးကလည်း သူ့ ဖေဖေကို...

"ဖေဖေ...ဖေဖေတို့ ဆန္ဒအတိုင်း အဲ့ဒီ ဦးကျော်ထက်ရဲ့ သားကို ဖြတ်လိုက်ပါပြီ... ဒါပေမယ့် အစတုန်း ကတော့ သဘောတူသလိုလိုနဲ့နောက် သူ့အဖေ နာမည် ပြောလိုက်ကာမှ ဖေဖေက ဘာလို့ အတင်းငြင်းနေရတာ လဲဟင်" ဟု မေးပါတယ်။

သားသမီးတွေ ရဲ့ အမေးကို ဦးကျော်ထက်ရေ ဦးရွှေဘကပါ အလိမ္မာနဲ့ ရှောင်ထွက်သွားကြပါတယ်။ ဘာကိုမှ တိတိကျကျ ပြောပြမသွားဘူး။

သူတို့ ချစ်သူနှစ် ဦးကလည်း နှစ် ဖက်မိဘတွေ ရဲ့ နောက်ခံသမိုင်းမှာ တစ်ခုခု ထူးခြားနေတယ်ဆိုတာကို တပ်အပ် မပြောနိုင်ပေမယ့် ရိပ်မိနေကြပါတယ်။

အခုလောလောဆယ် သူတို့ ချစ်သူနှစ် ဦးအတွက် အခက်အခဲက အဲဒါပဲ...။ သူတို့ နှစ် ဖက် မိဘတွေ ပြေလည်သွားအောင် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ အခု သူတို့ အခြေအနေက ချိန်ပီယံလိဂ် ဖလားရမယ့်အသင်းကို ပွဲအဝင်ခင်ကတည်းက လိုက်မှန်းနေရသလိုပဲ။ ဟိုလိုလို ဒီလိုလိုနဲ့။

စိတ်ဓာတ်ကျပြီး... ဒီအတိုင်းတော့ သူတို့နှစ် ယောက် က ရပ်မနေကြပါဘူး။ ကိုယ်အစွမ်းအစနဲ့ ကိုယ် လက်လှမ်းမီသလောက်တော့ စုံစမ်းနေကြတာပါပဲ။

အားကစားသမားတွေ ရဲ့ အဆိုအမိန့် တစ်ခုအရ ပြောရရင် လေ့ကျင့်မှု က ဘယ်တော့မှ အလကား ဖြစ်မနေပါဘူး။

အဲသလိုပါပဲ...သူတို့နှစ် ယောက် ရဲ့ ကြိုး စားမှု က သဲပုံထဲရောက်သွားတဲ့ ရေစက်လေးတစ်ခု ဖြစ်မသွားရဘူး။

ရွှေရင်အေးရဲ့ အလှည့်အပတ် အလိမ်အခေါက်ကောင်းမှု ကြောင့် ဒိုင်လူကြီးတောင် သတိမထားလိုက်တဲ့ ပရိယာယ်တချို့ နဲ့ သူမရဲ့ မေမေ ဒေါ်အေးမိုးက သူသိသမျှရာဇဝင်တွေ ကို လှန်ပြလိုက်ခြင်းပါပဲ..။

*

## ပွဲစဉ် (၄)

“....အဲဒါပဲ....”

သူမက စကားဆုံးတော့ မောသွားဟန်နဲ့ ရေတစ်ခွက် ကောက်သောက်လိုက်တယ်။ သူမ အပြောတွေ ကို သူ ကတော့ အံ့သြတကြီး နားထောင်ပြီး ခေါင်းတညိတ်ညိတ်နဲ့ အကွက်ရွှေ့ နေပါတယ်။

“ဒါဆိုရင်...ရွှေရင်အေး...နင့်အမေ အန်တီ အေးမိုးနဲ့ တိုက်စစ်မှူး ရဲ့ အဖေ အန်ကယ် ကျော်ထက်တို့က ငယ်ချစ်တွေ ပေါ့...”

ဖိုးလုံးကို သူမက ခေါင်းငြိမ့်ပြတော့ မီးကျောင်းမသားက စောဒက တက်လာပြန်တယ်။

“ငါထင်တော့ ထင်သားဟ…”

“နင်က ဘာထင်တာလဲ…”

ဖိုးလုံးရဲ့ အခြေအမြစ် မရှိတဲ့ စကားကို အိန္ဒြေစင်က ဝင်မေးလိုက်တာပါ။

“ဟိုဟာလေဟာ….အန်ကယ် ဦးကျော်ထက်နဲ့ အန်တီ ဒေါ်အေးမိုးတို့ရဲ့ ငယ်ငယ်က ဥပမိရုပ်ကို ဖမ်းကြည့်ရတာ ..သူတို့လည်း ငါတို့အရွယ်တုန်းက ဂေါ်လီလေးတွေပဲ နေမှာ လို့…အဟီး…”

“ငါက အကောင်းမှတ်လို့ နားထောင်နေတာ…ကဲဟယ်…”

“အား…နာတယ်…နာတယ်…”

စိတ်မြန်လက်မြန်ရှိတဲ့ ဖိုးလုံးကို တဘုန်းဘုန်း ထထုနေတာကို ကြည့်ပြီး သူပြုံးလိုက်မိတယ်။

ခဏနေမှ ကေခိုင်က..

“ကဲ…နင်တို့ အခြေအနေကို ကြည့်ရတာ …ဘယ်လိုမှ ပြေလည်နိုင်မယ့် လမ်းမမြင်ဘူးနော်…”

“အေး…ဟုတ်တယ်..”

အိန္ဒြေစင်က ကေခိုင့်အဆိုကို ထောက်ခံပေးတယ်။ ဒါကို ဖိုးလုံးက…

“ခက်တာက…သူတို့တွေ ကလည်း ကဲခဲ့ကြတာကိုဟ” ဟုပါ ဝင်ပါလာသဖြင့် သူမက ပိတ်ဟောက်ထားလိုက်တယ်။

“ဖိုးလုံ…နင့် ပါးစပ် ပိတ်ထား…”

ဆန်းထက် ကတော့ ‘မိုရင်ဟို’ စတိုင်နဲ့ မေးစေ့က မရှိတဲ့ မုတ်ဆိတ်မွေးကို လက်နဲ့ ပွတ်နေတယ်။

ဒါ…သူ့ရဲ့ စဉ်းစားတွေ းတောတဲ့ ပင်ကိုယ်ဟန်ပါပဲ။ သူ့ရဲ့ အေးစက်မှု က

ကြောက်ဖို့တောင် ကောင်းတယ်။

ဒါကိုသိတဲ့ သူ့ချစ်သူ ရွှေရင်အေးအပါအဝင် သူငယ်ချင်းအားလုံးက ဘာစကားမှ မပြောတော့ဘဲ ငြိမ်သက်ပေးကြတယ်။

သူ့ပါးစပ်က ထွက်ကျလာမယ့် ဆုံးဖြတ်ချက်တစ်ခုကို အားလုံးက အရောင်တလက်လက် မျက်လုံးတွေ နဲ့ စောင့်မျှော်နေကြပုံပါပဲ။

သိပ်မကြာလိုက်။ ဆန်းထက်က သူတို့သူငယ်ချင်းအုပ်စုကို ဝေ့ကြည့်လိုက်ပြီး...

“ငါ မရတော့ဘူးကွာ...အိမ်သာ ခဏပြေးလိုက်ဦးမယ်...” ဆိုပြီး ထွက်ပြေးသွားသဖြင့် အားလုံး ‘ဟာ’ ကနဲ ‘ဟင်’ ကနဲ ဖြစ်ကာ ကျန်နေခဲ့ပါလေရောလား။

“ငါက အကောင်းမှတ်နေတာ..”

“အေးလေ...”

“လတ်စသတ်တော့...ငါ့ကောင် တိုက်စစ်မှူး ကြီးက သွေးအေးအေးနဲ့ စဉ်းစားတွေ းခေါ်နေတာ မဟုတ်ဘဲ အီးမထွက်အောင် သွေးအေးအေးနဲ့ ထိန်းချု ပ်ထားတာကိုးဟ”

“ဟား ဟား....ဟား..”

“ခစ်...ခစ်”

ရွှေရင်အေးမှာ တော့ ဖိုးလုံးအပြောကြောင့် ဖင်လေးပိတ်ပြီး ပြေးသွားတဲ့ ဆန်းထက်ကို ကြည့်ပြီး ထုံးစံအတိုင်း စိတ်ဆိုးရခက် ရယ်ရခက်နဲ့ မအီမလယ်ကြီး ဖြစ်ကျန်ခဲ့ပါတော့တယ်။

## ပွဲစဉ် (၅)

သားအဖ နှစ် ယောက် စိတ်လိုလက်ရရှိတာနဲ့ အိမ်ရှေ့မှာ ရောက်တတ်ရာရာတွေ ပြောဆိုနေကြတယ်။ ရောက်တတ်ရာရာဆိုပေမယ့် အကြောင်းအရာတွေ ကတော့ မြန်မာဘောလုံးအသင်းကစလို့ ကမ္ဘာ့ဖလားပွဲအထိပဲ ဆိုပါတော့။

"တလောကပဲ...မန်ယူက တိဗက် မြို့ ခံပြိုင်ဘက် အသင်း ဖြစ်တဲ့ မန်စီးတီးကို ပြောင်းသွား တယ် မို့လား..."

"ဟုတ်တယ် အဖေ...အခုတလော မန်းစီးတီးက အခြေအနေ တော် တော် ကောင်းတယ်.. တိဗက်ရယ် ဒီဖိုးရယ်....လီဗာပူးလ်က ပြောင်းလာတဲ့ ပီတာခရော့စ်ရယ် တော် တော် ခြေစွမ်းပြနေတယ်"

"ဟုတ်လား...အဖေ့မှာ လည်း မင်းအမေနဲ့ ညားကတည်းက ပရီးမီးယားပွဲတွေ ရော အခြားပွဲတွေ ပါ မကြည့် ဖြစ်တော့ပါဘူးကွာ..အရင်တုန်း ကတော့ အဖေလည်း ငါ့သားလိုပဲ...ဘောလုံးသာ ဖြစ်နေပါစေ...ဘာပွဲပဲ ဖြစ် ဖြစ် ကြည့်တော့တာပဲကွ.."

ဦးကျော်ထက် မျက်ဝန်းတွေ က သူ့ရဲ့ လူပျိုလူလွတ် ဘဝလေးကို တွေ းနေမိပုံ ပေါ်ပါတယ်။ အစကတည်းက တိုက်စစ်ဖွင့်ဖို့ အလစ်ချောင်းနေတဲ့ သူက အဖေ ဖြစ်တဲ့ ဦးကျော်ထက်ကို အလစ်ဝင်တိုက်ပစ်လိုက်တယ်။

"ဒါနဲ့....အဖေ့ကိုသား...မေးစရာတစ်ခု ရှိတယ်"

သား ဖြစ်သူရဲ့ အထူးအဆန်း စကားကြောင့် ဦးကျော်ထက် တစ်ယောက် မျက်မှော င်ကုတ် သွားပြီး....

"မေးစရာ ရှိတယ်ဟုတ်လား...ဘာများ လဲ ငါ့သားရဲ့ ..."

"ဟို...တစ်ခြားတော့ မဟုတ်ပါဘူး...အဖေနဲ့ အမေ ဘယ်လိုလုပ် ညားသွားတာလဲဟင်.."

ကတ်သီးကတ်သပ်တွေ မေးလာတဲ့ သားကို ဦးကျော်ထက်က...

"ဟာ..ပေါက်ကရတွေ ...ဒီကောင်..."

"ပေါက်ကရတွေ ပြောနေတာ မဟုတ်ပါဘူး...အတည်ပြောနေတာ..."

"ညားပါတယ်ဆို..ချစ်လို့ ညားတာပေါ့ကွ..."

ဒီအဖြေကို ဦးကျော်ထက်က ဆန်းထက်မျက်နှာကို မကြည့်ဘဲ ရှက်ကိုးရှက်ကန်းနဲ့ ဖြေပါတယ်။

"ဒါဆို အဖေ အတော် ကြိုး စားလိုက်ရမှာ ပေါ့"

"ဟေ့ကောင်...မင်းစကားက ဘာစကားကြီးလဲကွ...ဖအေကို မလေးမစားနဲ့..."

"ဟာ....အဖေကလည်း စာတွေ းတွေ းစမ်းပါဗျာ...သားက အမေ့ရဲ့ အချစ်ကို ရဖို့အတွက် အဖေ အတော် ကြိုး စား ရမှာ ပေါ့လို့ ပြောတာ"

"အဲလိုဆိုလည်း အစကတည်းက ရှင်းရှင်းမေးပါလားကွ...ဘာမှန်းမသိဘူး... ကြိုး စားရတာ ပေါ့ကွ...ဘယ်လွယ်ပါ့မလဲ"

အဖေ ဖြစ်သူရဲ့ စကားကြောင့် သူကြိတ်ပြုံး လိုက်မိတယ်။

"ဒီလိုဆို အဖေ နောက်တစ်ခု ထပ်မေးမယ်..."

"ဟေ..."

ဦးကျော်ထက်က သား ဖြစ်သူကို သေသေချာချာကြည့်တယ်။ ဘေးလူ တစ်ယောက် ယောက် များ ဖြစ်ရင် ဖအေက သားကို အစစ်မှ ဟုတ်ရဲ့ လားဆိုပြီး စစ်ဆေးနေတဲ့ အကြည့်မျိုး ။

ဒီကောင် ဆန်းထက် ဒီနေ့ ဘာ ဖြစ်နေပါလိမ့်။ လူကို ထူးထူးဆန်းဆန်းတွေ

လာပြောနေတယ်။ ဘုရား...ဘုရား...ဒီကောင် နေ့မအိပ် ညမအိပ်နဲ့ ဘောလုံးပွဲတွေ ကြည့်၊ ဘောလုံးဂျာနယ်တွေ ဖတ်၊ Game တွေ ဆော့နဲ့ တစ်ခန်းများ ပျက်နေပြီလား၊ ဒီလို အတွေးတွေ နဲ့အတူ သား ဖြစ်သူကို သွေးတိုးစမ်းသလို မေးလိုက်တယ်။

"သား....ဆန်းထက်..."

"ဗျာ...အဖေ..."

"ဒီနေ့ ဘောလုံးပွဲ မသွားဘူးလား..."

"ဟာ...ဒီနေ့ သော ကြာနေ့ကြီးလေ...ဘယ်လိုလုပ် ဘောပွဲ ရှိမှာ လဲ...ဒါနဲ့ ဘာဖြစ်လို့လဲ..."

"ဘာမှ မ ဖြစ်ပါဘူးကွာ...ဒီနေ့မှ သားက ထူးထူးဆန်းဆန်းတွေ အဖေ့ကို လာမေးနေလို့ ငါ့သား ဂေါက်များ သွားတာလားလို့ မေးကြည့်တာ...."

"ဟာ...အဖေကလည်း...ပေါက်ပေါက်ရှာဗျာ...အဖေ့သား ဆန်းထက်...အကောင်းကြီးပါဗျ"

သား ဖြစ်သူက ရယ်ကျဲကျဲနှင့် ဖြေတော့ ဖအေ ဖြစ်သူကလည်း ရယ်ကျဲကျဲနဲ့ပဲ ပြန်မေးပါတယ်။

"အေးပါကွာ..ကောင်းရင်လည်း ပြီးတာပါပဲ..ကဲ..မေးမေး...ဘာများ မေးမလို့လဲ.."

"တစ်ခြား မဟုတ်ပါဘူး..အဖေ အမေနဲ့ မရခင်တုန်းက ရည်းစား ဘယ်နှယောက် ထားဖူးလဲ"

"ဟေး..."

ဒီကောင်က ငါ့ကို ဘာလာမေးနေတာလဲ။ မ ဖြစ်ဘူး...မ ဖြစ်ဘူး ဒီကောင်နဲ့ ကတော့...

"ဘယ်ကသာ..ထားဖူးရမှာ လဲကွာ..မင်းအမေက အဖေ့ရဲ့ အချစ်ဦးပဲ...

ရည်းစားလည်း မင်းအမေ တစ်ယောက် တည်းပဲ…”

ဖအေ ဖြစ်သူက ရုပ်တည်ကြီးနဲ့ ပလီပလာ ပြောလာတော့ သား ဖြစ်သူကလည်း ရုပ်တည်ကြီးနဲ့ အတည်ပြန်မေးတယ်။

“တကယ်… ဟုတ်လို့လား အဖေရာ…”

“အဟုတ်ပေါ့ကွ…”

ဒီအဖေ ဘယ်လို အဖေပါလိမ့်။ ပြောင်ကြီး ညာနေတယ်။

သူက အကြောင်းသိ အဖေကို မယုံကြည်သလို အကြည့်မျိုး နဲ့ (သူခိုး တစ်ယောက် လို ခိုးမခိုး စစ်ဆေးနေတဲ့ အကြည့်မျိုး ) ကြည့်နေလိုက်တယ်။

ဒါကို ဦးကျော်ထက်က မလုံမလဲနဲ့ “ဘာလဲကွ…မင်းက ငါ့ကို မယုံလို့လား…”

“ဟုတ်တယ်…မယုံဘူး..”

“ငါက မင်းကို ညာစရာလား..”

“ဒါဆို…အဖေနဲ့သားကောင်မလေး ရွှေရင်အေးရဲ့ အမေ ဒေါ်အေးမိုးနဲ့က ဘာလဲ…”

“ဘာကွ…”

“Max….”

သား ဖြစ်သူရဲ့ အလွတ်တည်ကန်ဘောက အတော် ပြင်းလွန်းပါတယ်။ ‘ဘာကွ’ ဆိုပြီး သား ဖြစ်သူကို မျက်လုံးအပြူး သား၊ ပါးစပ်အဝိုင်းသားနဲ့ အံ့သြတကြီး စိုက်ကြည့်ယူရတဲ့ အထိပဲ။

ဆန်းထက် ကတော့ အေးအေးဆေးဆေး လေသံနဲ့ ‘Max’ ဆိုပြီးတောင် TV ကြော်ငြာထဲကအတိုင်း နောက်လိုက်သေးတယ်။

“မင်း…မင်း…ဒီကိစ္စကို..ဘယ်လိုလုပ်…”

ဦးကျော်ထက် မေးခွန်းမဆုံးခင် ဇနီးသည် ဒေါ်ပွင့်ဆန်း ရောက်လာသဖြင့် ဦးကျော်ထက် မနည်း ဘရိတ်အုပ်ထားလိုက်ရတယ်

သူ ကတော့ အေးအေးဆေးဆေးပါပဲ။

"ဟာ...အမေ...မအိပ်သေးဘူးလား...ညဉ့်တောင်နက်တော့မယ်.."

"အမယ်...ထူးထူးဆန်းဆန်း...ဒီ သားအဖ နှစ် ယောက် ဘာတွေ စကားကောင်းနေကြတာလဲ..."

သူက ဝင်ဖြေတော့မလို ရှိသေးတယ် ဖအေ ဖြစ်သူက အရင် ဝင်ဖြေလိုက်တယ်။

"ဒီလိုပါပဲ မိန်းမရာ...ဘာရယ်ညာရယ် မဟုတ်ပါဘူး...ဘောလုံးသမားတွေ အကြောင်း ပြောနေတာပါကွာ"

ဒေါ်ပွင့်ဆန်း သိသွားလို့ ဘယ် ဖြစ်ပါ့မလဲနော်။ သိသွားရင် ဘာမဟုတ်တာလေး တစ်ချက်နဲ့ မိုးမီးလောင်သွားနိုင်တယ် မဟုတ်ပါလား။

"မိန်းမ သွားသွား..အိပ်ချည်တော့..."

"တော့...ကိုကျော်ထက်..ဘယ်လို ဖြစ်လို့ လူကို အတင်းနှင်နေတာလဲ...ဒီမှာ ... တော် တို့ သားအဖ စကားပြောရင်း စားရအောင်လို့ ဒီက အလိုက်တသိနဲ့ လှက်သုပ်လာပို့ပေးတဲ့ဟာကို..."

"အေးပါကွာ..ငါ့မိန်းမ အလိုက်သိတာကို သိတာပေါ့...အပြင်မှာ အေးတယ်လေ... ငါ့မိန်းမလေး အအေးမိမှာ ဆိုးလို့ ပြောတာပါကွာ..."

ဖအေ ဖြစ်သူ အပြောကြောင့် သူ ကြိတ်ရယ်နေမိတယ်။ သွား...လူညာကြီး။

"အဟိ...ဟိ.."

"အောင်မာ...မင်းက ဘာရယ်တာလဲ"

ရက်ကိုးရက်ကန်းနဲ့ ဦးကျော်ထက်က သူ့သားကို မေးလိုက်တယ်။

"ဘာမှမဟုတ်ပါဘူး...အဖေနဲ့ အမေကို သဘောကျလို့ပါ...အဟီး..."

သူ့အဖြေကို အဖေက အမေ မမြင်အောင် သူ့ကို လက်သီးထောင်ပြနေသေးသည်။

"ကဲကဲ...သားလည်း သိပ်ညဉ့်နက်မနေနဲ့...အမေတော့ သွားအိပ်တော့မယ်..."

"ဟုတ်ကဲ့ပါ..."

သူ့အမေ အိမ်ထဲကို ဝင်သွားတော့ သူက အစောတုံးက စကားစကို ပြန်ဆက်တယ်။

"ပြောလေ...အဖေနဲ့ ဒေါ်အေးမိုးနဲ့က ဘာလဲလို့..."

"ရှူး ...ဟိတ်ကောင်...တိုးတိုးပြောပါဟ...မင်း အမေ သိသွားလို့ မ ဖြစ်ဘူး..." ဆိုပြီး အဖေက နောက်ကျောမလုံသလို အိမ်ထဲကို တစ်ချက်ပြန်ကြည့်တယ်။

"ဟာ...အမေ မကြားပါဘူးဗျ...သားမေးတာကိုပဲ ဖြေစမ်းပါ.."

ဦးကျော်ထက်က သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးပင်ပင်နဲ့ ချတယ်။ ပြီးတော့ ကောင်းကင်က 'လ' မကွေးတကွေးလေးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေပြန်တယ်။ နောက်...သား ဖြစ်သူ မျက်နှာကို စက္ကန့်အနည်းငယ် စိုက်ကြည့်ပြီး..

"အေး...ငါ့သား သိချင်မှတော့ အဖေ ပြေပြရတော့မှာ ပေါ့ကွာ...ဒါပေမယ့် အဖေကို ကတိတစ်ခုတော့ ပေး"

"ဘာကတိလဲ အဖေ..."

"မင်းအမေကို ပြန်မပြောပါဘူးဆိုတဲ့ ကတိ..."

သူက လွယ်လွယ်ကူကူပဲ ခေါင်းညိတ်ပြလိုက်တယ်။

"တကယ်တော့...ငါ့သားရဲ့ ချစ်သူ ရွှေရင်အေးရဲ့ အမေ မအေးမိုးက...အဖေ့ ရည်းစားဟောင်းပါ..."

"ဒါနဲ့...အဖေက အမေ တစ်ယောက် တည်းပါ...ရည်းစားမထားဖူးဘူးဆို... အမေက ချစ်ဦးသူပါဆို..."

"ဟာ...ဒါ ကတော့ ငါ့သားကလည်းကွာ...အဟဲ.."

ကြည့်စမ်း...။ အဖေ ရှက်နေလိုက်တာများ ....တကယ့် ဆယ်ကျော်သက်ကလေး ကျနေတာပဲ။ အဖေ့ပုံကို ကြည့်ပြီး သူ ရယ်ချင်စိတ်ကို မနည်းထိမ်းထားလိုက်ရတယ်။

"မင်း...အပိုတွေ လျှောက်မပြောနဲ့တော့ကွာ...ဒီလိုဆို...ငါ မပြောပဲ ထားမှာ နော်.."

"ပြောပါ...သားက နောက်တာပါ...ဟဲဟဲ..."

ဒီတော့ အဖေက ထုံးစံအတိုင်း ကောင်းကင်ကို မေးကြည့်တယ်။ သက်ပြင်းချတယ် ပြီးတော့ သူ့ကို ကြည့်တယ်။ နောက်တော့...

"အ ဖြစ်က ဒီလိုကွ...ဒီလို..." ဆိုပြီး သူ့ရဲ့ ချစ်ဇာတ်လမ်းဟောင်းလေးတစ်ပုဒ်ကို မျက်ရည်တလည်လည် နှပ်ချေးတရွှဲရွှဲနဲ့ ပြောပြရှာတယ်။

သူကလည်း ဒေါသထွက်ရမယ့်နေရာမှာ ဒေါသလိုက်ထွက်လိုက်၊ ဝမ်းနည်းရမယ့်နေရာမှာ ဝမ်းနည်းလိုက်၊ ကြည်နူးရမယ့်နေရာမှာ ကြည်နူးလိုက်နဲ့ ဇာတ်လမ်းလေးကို စိတ်ဝင်တစား နားထောင်နေမိပါတော့တယ်။

*

ဗဟိုခံစစ်မှူး (SYA-Unit)

ဦးရွှေဘ(ညာ)

# ဒေါ်အေးမိုး (ဘယ်)

*

## ပွဲစဉ် (၆)

“သမီးလေး…စာမေးပွဲပြီးရင်…စေ့စပ်ပွဲလေး လုပ်ထားရင် ကောင်းမလားလို့…”

“ဟာ…ဖေဖေကလည်း ဘယ်လို ဖြစ်ရတာ လဲ…သမီးနဲ့ ဆန်းထက်က တကယ်ပြတ် သွားပါပြီဆို… အဲ့ဒီ ကိစ္စကို သမီးစာမေးပွဲဖြေပြီးမှ ပြောစမ်းပါ…သမီး စိတ်ရှုပ်လွန်းလို့ပါ….”

“အဖေ့ သမီးလေးကို စိတ်ချတယ်…ဟိုကောင် ကျော်ထက်သားကို စိတ်မချတာ…”

“ဟာ…အဖေ အစိုးရိမ်လွန်နေတာပါ…”

“သမီး မရှည်နဲ့…”

“ဟဲ့…ဩော်…ဒီ သားအဖတွေ ဘယ်လို ဖြစ်နေရတာ လဲ…”

သူမက အမေ ဖြစ်တဲ့ သူဝင်လာတာနဲ့ စစ်ကူတောင်းလိုက်တယ်

“ဘာ ဖြစ်ရမလဲ…မေမေရဲ့ …ဖေဖေပေါ့…သမီးကို အတင်း ယောကျ်ားပေးစားဖို့ လုပ်နေတယ်…”

“ဟုတ်သားပဲ..ကိုရွှေဘရယ်…သမီးလေးက ရှင့် စိတ်တိုင်းကျ ကိုကျော်ထက်သားလေးကို အဆက်အသွယ် ဖြတ်ထားပြီးပြီပဲ…ပြီးတဲ့ ကိစ္စတွေ လည်း ပြီးပါစေတော့..ကလေးတွေ ကိစ္စထဲကို နေရာတကာ ဝင်မပါချင်စမ်းပါနဲ့ ကိုရွှေဘရယ်…”

မယား ဖြစ်သူ စကားကြောင့် သမီးဘက်လှည့်ထားသော မျှာ းဦးက

သူမဘက်ကို အော်တိုမစ်တစ် လှည့်သွားပြန်တယ်။

"ဩော်....မအေးမိုး....ခင်ဗျားက...ခင်ဗျား အဆက်ဟောင်းရဲ့ သားနဲ့ ငါ့သမီးလေးကို အကြောင်းပါစေချင်တယ်ပေါ့လေ...ဟုတ်လား..."

"မဆိုင်တာတွေ ထည့်မပြောစမ်းပါနဲ့ ကိုရွှေဘရယ်...သမီးလေးရှေ့မှာ .."

"ငါလည်း ပြောချင်လွန်းလို့ ပြောနေတာ မဟုတ်ပါဘူး...သမီးမှ ဘာမှ ဖြစ်တာ မဟုတ်ဘူး...အမေ ဖြစ်တဲ့ သူက..."

ဒေါ်အေးမိုးက ယောက်ျား ဖြစ်သူကို ဘာစကားမှ ဆက်မပြောချင်တော့တာနဲ့ အခန်းထဲကိုသာ ခပ်တည်တည်နဲ့ ဝင်သွားတယ်။

ပြောနေရင်းတန်းလန်း မယား ဖြစ်သူက ထွက်သွားတော့ သူ့မှာ လက်ညှိုးကြီးတထိုးထိုးနဲ့ ဆန့်တငင်ငင်ကြီး ကျန်နေခဲ့တယ်။ နောက်တော့ ရှက်ကိုးရှက်ကန်းနဲ့ သမီးကို စောစောလေးက ငေါက်တောက်ကြီး ကျန်နေခဲ့တဲ့ လက်ညှိုး နဲ့ ပစ်မှတ်ပြောင်းလိုက်ပြီး...

"နင်လည်း...ကျပ်ကျပ် သတိထား ကြားလား.."

"ဟင်...သမီးက ဘာ ဖြစ်လို့လည်း ဖေဖေရဲ့ ..."

အသာလွတ် အကန်ခံလိုက်ရတဲ့ ဘောလုံးသမား တစ်ယောက် လို သူမက (ဒိုင်လူကြီးကို စောဒက တက်သလို ပုံစံမျိုး နဲ့) ရုပ်တည်ကြီး ပြန်မေးလိုက်တယ်။

"ဘာပဲ ဖြစ် ဖြစ်...မ ဖြစ် ဖြစ်ဟာ...နင် ကြပ်ကြပ် သတိထား ဒါပဲ..."

"ဟုတ်..."

သူမက အသာခဏ ငြိမ်နေလိုက်သေးတယ်။ ခဏနေမှ...

"ဖေဖေ..."

"ဘာတုံ..."

"ဟိုလေ...အဟီး...သမီး အဖေ့ကို မေးစရာ ပေါ်လာလို့..."

သူမက မျက်နှာချိုသွေးပြီး မေးနေပေမယ့် အဖေ ဖြစ်တဲ့ ကိုရွှေဘ ကတော့ ရုပ်တည်ကြီးနဲ့ ခပ်တည်တည်နဲ့ ပြန်ပြောပါတယ်။

"ဘာမေးမလို့လဲ..."

"ဪ...တခြား မဟုတ်ပါဘူး ဖေဖေရဲ့ ...ဖေဖေက သမီးနဲ့ ဆန်းထက်ကို သဘောမတူတာက...သူ့အဖေ ဦးကျော်ထက်ကြောင့် ပေါ့နော်..."

ဦးရွှေဘက သမီး ဖြစ်သူကို မျက်မှောင်တစ်ချက်ကုတ်ကြည့်ရင်းကနေ ခေါင်းညိတ်ပြတယ်။

"ဒါဆို မေမေက ဦးကျော်ထက်နဲ့ အငှာ ဖြစ်ခဲ့ဘူးလို့ ဖေဖေက သမီးကို ဆန်းထက်နဲ့ သဘောမတူတာပေါ့နော်...."

"ဟုတ်တယ်ဟေ့...ဟုတ်တယ်ဟေ့...နင်တော် တော် စကားများ ပါလား... မိရွှေရင်အေး..."

သူမ မေးခွန်းက အနာဟောင်းကို သွားဆွလိုက်သလိုပဲ။ ဒါကို ရိပ်မိတဲ့သူမက အနီးကပ် သေချာပေါက် အပြခံရမယ့် ဘောလုံးသမားတစ်ဦးလို အပြစ်ပေါ့ပေါ့လျော့လျော့ ဖြစ်စေဖို့အတွက် မျက်နှာချိုသွေးပြလိုက်ပြီး

"စကားများ တာ မဟုတ်ပါဘူး ဖေဖေရဲ့ ....ဖေဖေ့ကို သမီးက မေးစရာ ရှိလို့ပါ..."

"မေးမေး...ဘာမေးဦးမှာ လဲ.."

သူမကို ဖအေ ဖြစ်သူက စိတ်မရှည်သလိုဟန်နဲ့ ပြတ်ပြတ်ပဲ မေးပါတယ်။

"ဟိုလေ...အဲ့ဒီ ဦးကျော်ထက်ရဲ့ မိန်းမ ဒေါ်ပွင့်ဆန်းက ဖေဖေငယ်ငယ်တုန်းက ချစ်ဦးသူဆို..."

သမီး ဖြစ်သူရဲ့ ကွက်တိအမေးကြောင့် ဦးရွှေဘ အတော် အံ့အားသင့်သွားသည်။

"သမီး...ဒါတွေ ..ဘယ်က သိ..လာ...လာစမ်းပါ...ဒီနားမှာ ပြောလို့ မ ဖြစ်ပါဘူး"

ဖေဖေက မေမေကြားမှာ စိုးတာနဲ့ သူမကို အိမ်အပြင်ဘက် ဆွဲခေါ်သွားတယ်။

"ပြောစမ်း သမီး..."

"သမီး မေးတာကိုပဲ ဖေဖေ အရင်ဖြေ..."

သူမက ကစားကွက် အသာစီးရနေတော့ ခံပြောပစ်လိုက်တယ်။ နောက်တော့....ဖေဖေက စိတ်မချသလို တစ်ချက် အိမ်ထဲကို လှမ်းကြည့်လိုက်ပြီး ခေါင်းညိတ်ပြတယ်။ သူမ အဖေက "ဘယ်က ဘယ်လိုသိလာတာလဲ..." ဆိုပြီး ထပ်မေးတော့ သူမက "ဒီလိုပဲပေါ့...ဟဲဟဲ..." ဆိုပြီး ရှုးဟန်ဆောင်နေလိုက်တယ်။

"ဒါပဲနော်...သမီးမေမေကို ဖေဖေ့မှာ ရည်းစားဟောင်းရှိတဲ့အကြောင်း သွားမပြောရဘူးနော်..."

ချက်ချင်း လေသံပျော့သွားတဲ့ ဖေဖေ့ပုံစံကိုကြည့်ပြီး သူမက ရယ်ချင်စိတ်ကို မနည်း မျိုချထားလိုက်ရတယ်။ ရုပ် ကတော့ တကယ့် အကယ်ဒမီရှော့ အိုက်တင်နဲ့....

"ဘာ ဖြစ်တာလဲ ဖေဖေရယ်..မေမေ သိတော့..."

"ဟာ...မ ဖြစ်ဘူး...အစက သမီး မေမေက ဖေဖေ့ကို ချစ်တာ မဟုတ်ဘူး... ဟိုကောင် ဘောလုံးရှူးခွေးသူခိုး ကျော်ထက်ဆိုတဲ့ ပေါက်လွတ်ပဲစားကောင်ကို ကြိုက်တာ... ဖေဖေ့မှာ သာ သမီး မေမေကို ချစ်လွန်းလို့ မိဘတွေ ကို အတင်းနားပူနားဆာ လုပ်ပြီး သမီးမေမေကိုလည်း ရည်းစားဦး အချစ်ဦးပါ...တစ်ခါမှ... ဘာ ဖြစ်တယ်...ညာ ဖြစ်တယ်ဆိုပြီး အာပေါက်မတပ်ပြောလာခဲ့ရတာ .... ဒီကိစ္စကြီး သိသွားလို့ ဘယ် ဖြစ်မလဲ...သမီးလေးရဲ့ ....အဟဲ...ဖေဖေ့ သမီးလေးက လိမ္မာပါတယ်...ပြောရဘူးနော်...ဟဲဟဲ..."

"လိမ္မာဘူး..."

"ဟမ်..."

သမီးစကားကြောင့် ဦးရွှေဘ မတ်တပ်မေ့သွားတယ်။ သူ့ခမျာ တိုက်စစ်ကနေ

ခံစစ်လုံးလုံးကြီးကို ဖြစ်လို့…။

“ဖေဖေက…မေမေကို ချစ်လွန်းလို့လည်း ပြောသေးတယ်…ဘာကိစ္စ ရည်းစားထားလဲ…”

“သြော်…သမီးရယ်…ပွင့်လေးနဲ့က…အဲလေ…မပွင့်ဆန်းနဲ့က သမီးမေမေနဲ့ မတွေ့ခင် ဟို အထက်တန်း ကျောင်းသားဘဝကတည်းက တွေ့ခဲ့ကြတာကိုး…အဲ…သမီး မေမေနဲ့ တွေ့ပြီးတဲ့နောက်…ဖေဖေ ဘယ်မိန်းမကိုမှ..ရင်မခုန်ခဲ့..စိတ်နဲ့တောင် မပစ်မှားခဲ့ပါဘူး သမီးရယ်…ဖေဖေ့ကို ယုံပါ…”

ရယ်ချင်စိတ်ကို အတင်းကြိတ်မှိတ်ထားပြီး သူမက ဖအေ ဖြစ်သူကို…

“ဒါဆို…အဒေါ် ပွင့်ဆန်းက အဖေနဲ့ ငယ်ချစ်ပေါ့…”

“အင်း…”

“ဒါဆို…ငယ်ကချစ်နှစ် တရာ…မြေဦးရတဲ့အထိ မမေ့ဘူးပေါ့…”

“အင်း…အဲ အဲ… မအင်း…ဟုတ်ဘူး…”

“ခစ်ခစ်….ခစ်…”

“ဟဲဟဲဟဲ..ဟဲ”

သူမက ဖေဖေ့ကို ချောင်းပိတ်ပြီး ဇွတ်အတင်းလျှောက် မေးပစ်လိုက်တော့ ဖအေ ဖြစ်သူမှာ ချွေးစေးတွေ တောင် ပြန်လာပါတယ်။

သူမက စိတ်မထိန်းနိုင်တော့ဘဲ ‘တခစ်ခစ်’ ရယ်လိုက်မိတော့ ဖေဖေကလည်း မချိသွားဖြဲနဲ့ ‘တဟဲဟဲ’ လိုက်ရယ်နေပါသေးတယ်။

*

# ကြားဖြတ်တင်ဆက်မှု (၃)

အခု သူတို့နှစ် ယောက် ဟာ ပြဿ နာရဲ့ အရင်းအမြစ်ကို ကောင်းကောင်းကြီး သဘောပေါက်နေကြပြီ ဖြစ်တယ်။

သူတို့ ချစ်သူနှစ် ယောက် ရဲ့ နှစ် ယောက် သူငယ်ချင်းတွေ ကလည်း တိုက်တိုက်ဆိုင်ဆိုင်ကြီးကို ဖြစ်ပေါ်လာတဲ့ ဒီဇာတ်လမ်းကြီးကို ရင်သပ်ရှုမော ဖြစ်နေကြပါတယ်။

ဖြစ်မယ်ဆိုရင်လည်း တကယ် မိုးကြိုး ပစ်ဘုရားစူး ဖြစ်ထိုက်ပါတယ်။ မထင်တာတွေ ကောက်ကာငင်ကာ ထ,ထ ဖြစ်တတ်တဲ့ ဟော့ဒီ လောကကြီးအလယ်မှာ တကယ်တမ်းတော့ ဒီဘာမဟုတ်တဲ့ အ ဖြစ်အပျက် တိုက်ဆိုင်မှု လေးတွေ က ဘာမှ မပြောပလောက်ပါဘူး။

ဒါပေမယ့် သူတို့ ချစ်သူနှစ် ယောက် ရဲ့ ကြားမှာ တော့ ဒါတွေ က ကြီးမားတဲ့ ပြဿ နာ တစ်ရပ်ပါပဲ။

ပြိုင်ဆိုင်မှု ပြင်းထန်လွန်းတဲ့ ဘာကလေ ပရီးမီးယားလိဂ် ပွဲစဉ်တွေ လိုပါပဲ။ နှစ် ဖက်အသင်းတွေ က ထိပ်သီးအသင်းတွေ ဆိုပြန်တော့ ပွဲကျပ်ကာလလို့ ပြောရင်တောင် ရပါတယ်။

ဆန်းထက် ကတော့ ဒီနှလုံးသားမိုလ်လုပွဲအတွက် နည်းစနစ်အစုံနဲ့ တိုက်စစ်ဖွင့်ပြီး လူစုံထုတ်ကစားဖို့ အခြေအနေ ရှိသလို ရွှေရင်အေးကလည် ဒီပွဲအတွက် ငြိမ်နေမှာ မဟုတ်ပါဘူး။ အကောင်းဆုံး ခုခံမှု တွေ နဲ့ ကာကွယ်ရင်း ထိုးစစ်ခင်းသွားမယ့် ပုံ ရှိပါတယ်။

နှစ် ဖက်အသင်း ပိုင်ရှင်တွေ လည်း ဖြစ်...ဗဟိုခံစစ်မှူး တွေ ဆိုရင်လည်း မငြင်းသာတဲ့ ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ ကတော့ ပြိုင်ဘက်အသင်းတွေ ကို လျှော့လည်းမတွက်မထားကြသလို ပြိုင်ပွဲအတွက် ကြောက်ရွံ့နေမယ့် လူစားမျိုး တွေ လည်း

မဟုတ်ပါဘူး။

သေချာတာ ကတော့ ဘယ်အသင်းကမှ အမှား မခံနိုင်တဲ့ အခြေအနေတွေ မှာ ရှိနေကြပါတယ်။ တစ်ချက်ကလေး တိမ်းစောင်းသွားတာနဲ့ ပြိုင်ပွဲကနေ ထွက်ခွာသွားရမှာ ဖြစ်သလို ဂုဏ်သိက္ခာအနေနဲ့ ရာသက်ပန် ကျရှုံးသွားမယ့် နှလုံးသားဗိုလ်လုပွဲ တစ်ပွဲလည်း ဖြစ်ပါတယ်။

ဦးရွှေဘနဲ့ ဦးကျော်ထက်တို့ဟာ လွန်ခဲ့တဲ့ အနှစ် (၂၀) ထောင့်ကိုးရာကိုးဆယ်ခု (၁၉၉၀) နှစ် လောက်တုန်းကလည်း နှလုံးသားဗိုလ်လုပွဲ တစ်ပွဲမှာ ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး ဖြစ်ပါတယ်။

အဲ့ဒီပွဲတုန်းက ဦးရွှေဘဟာ ပထမပိုင်းမှာ ဦးကျော်ထက်ရဲ့ ချစ်သူ (ယခုလက်ရှိမယား) ဒေါ်အေးမိုးကို လက်ထပ်ယူလိုက်ပြီး တစ်ဂိုးဂိုးမရှိ (၁-၀) နဲ့ ဦးဆောင်သွားပါတယ်။ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ရှိတဲ့ တစ်ဖက်အသင်းကလည်း ဒုတိယပိုင်းမှာ ဖိပြီးကစားခဲ့လို့ တစ်ဂိုးပြန်ရခဲ့ပါတယ်။

အဲဒီ့ ခြေပဂိုး ကတော့ ဦးကျော်ထက်က ဦးရွှေဘရဲ့ ကိုးတန်း (၉) နှစ် က ရည်းစားဦးလေးကို မရရအောင် သိမ်းပိုက်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီ့ ဗိုလ်လုပွဲမှာ တော့ တစ်ဖက်တစ်ဂိုးစီ (၁-၁) နဲ့ သရေကျပြီး ပူးတွဲ ချန်ပီယံအနေနဲ့ နှစ် သိမ့်ခဲ့ရပါတယ်။

ဟော...အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပါပဲ။ ဒီ ပူးတွဲ ချန်ပီယံ ရရှိထားတဲ့ အသင်းနှစ် သင်းဟာ အနှစ် (၂၀) ကျော်ကြာမြင့်ပြီးမှ နှလုံးသားဗိုလ်လုပွဲမှာ ဒုတိယအကြိမ် မကြေပွဲအနေနဲ့ ထိပ်တိုက်တွေ့ဆုံကြခြင်းပဲ ဖြစ်ပါတယ်။

ဒီလို ရာဇဝင်မြင့်မားလွန်းတဲ့ အသင်းနှစ် သင်းကို ခန့်မှန်းဖို့ဆိုတာ ကတော့ မလွယ်ပါဘူး။ ဒါပေမယ့် ကိုယ့်ဆရာတို့ အနေနဲ့ စိတ်ဝင်စားတယ်ဆိုရင်တော့ ခန့်မှန်းကြည့်ပါ။ ကိုယ့်ဆရာတို့ ခန့်မှန်းလွယ်အောင် ထောင့်ကိုးရာကိုးဆယ့်ခုနှစ် (၁၉၉၀) ဝန်းကျင်က ဗိုလ်လုပွဲကြီးတစ်ပွဲကို ပြန်လည် ထုတ်လွှင့်ပြသလိုက်ရပါတယ်။

*

## သင်္ကြန်ရာဇ် တစ်ထောင့်ကိုးရာကိုးဆယ် ပြည့်နှစ်

## (၁၉၉၀)

‘နှလုံးသားဗိုလ်လုပွဲ’

မှ

အဓိကပွဲထွက်လူစာရင်း

Shwe Ba United

Vs

Kyaw Htat-Football Class

အထောင်တိုက်စစ်မှူး -ရွှေဘ

ဂိုးသမား-ပွင့်ဆန်း

ညာနောက်ခံလူ-ဦးငွေဘ

ဗဟိုခံစစ်မှူး (ညာ)-ဦးမောင်ဆန်း

ဘယ်နောက်ခံလူ-ဒေါ်စန္ဒာ

ဗဟိုခံစစ်မှူး (ဘယ်)-ဒေါ်ပွင့်ဝေ

ဂိုးသမား-အေးမိုး

*

နှလုံးသားဗိုလ်လုပွဲ (၁၉၉၀)

ရွှေဘ(Unit) . Vs. ကျော်ထက် (F.C)

Sat.P.M.15:00 (ကြားကွင်း)

*

## ကြားဖြတ်တင်ဆက်မှု (၄)

ထုံးစံအတိုင်းပေါ့ဗျာ...။ ကျော်ထက်ဆိုတဲ့ ဘောလုံးသမားလေးကို သူ့ကောင်မလေး ဖြစ်တဲ့ အေးမိုးမိဘတွေ က လုံး၀ မကြည်ဖြူပါဘူး။

တက္ကသိုလ် ပထမနှစ် ကတည်းက ကျော်ထက်နဲ့ အေးမိုးတို့က မေတ္တာမျှလာခဲ့ကြတာပါ။ မေဂျာအသင်းမှာ ကျော်ထက်က အသင်းခေါင်းဆောင်လေ။ အဲသလို ဘောလုံးအကန် ကောင်းခဲ့လို့လည်း အေးမိုးအရင် မျက်စိကျခဲ့မိတာ နေမှာ ။

သူတို့နှစ် ယောက် ရဲ့ ချစ်သူ သက်တမ်းက ဘယ်နည်းလို့လဲ။ သုံးနှစ် ဆိုတဲ့ အတိုင်းအတာက....။ ကိုယ့်ဆရာတို့ မယုံရင် ထောင်ထဲကလူ တစ်ယောက် ယောက် ကို သွားမေးကြည့်။ သုံးနှစ် ဆိုတာ အတော် ကြာသလားလို့။

အဲ...စောစောက စကားပြန်ဆက်ရရင် သူတို့ချစ်သူနှစ် ဦးဟာ တစ်ယောက် ကို တစ်ယောက် သိပ်ချစ်မြတ်နိုးကြသလို နားလည်မှု လည်း အပြည့်အဝ ရှိခဲ့ပါတယ်။

ဒါပေမယ့် ထုံးစံအတိုင်း သိပ်ချစ်ကြတဲ့ ချစ်သူနှစ် ဦးကြားကို ကံကြမ္မာဆိုတဲ့ ဗီလိန်က အလိုလို ရောက်လာခဲ့ပါတယ်။

တက္ကသိုလ် နောက်ဆုံးနှစ် ပြီးကာခါနီး မှာ အေးမိုးမိဘတွေ က သိသွားပြီး ဘောလုံးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့ ကျော်ထက်ကို အပြင်းအထန် ကန့်ကွက်ကြတယ်။

ဒီအချိန်မှာ ဟိုးအရင်ကတည်းက ကြိတ်ချစ်လာခဲ့တဲ့ ရွှေဘက လူကြီးတွေ ချင်း ရင်းနှီးတာကို အမိအရ အခွင့်အရေး ယူပြီး ဦးဆောင်ဂိုးစသွင်းဖို့ ကြိုး စားပါတော့တယ်။

ဒီအကြောင်းတွေ ကို အေးမိုးက ကျော်ထက်ကို အသေအချာ ရှင်းပြပါတယ်။ မိဘတွေ စီစဉ်ပေးမှာ ကို စိတ်မပါပေမယ့် အေးမိုးက ငြင်းဆန်ခွင့် လုံးဝမရှိပါဘူး သူမက မိဘစကားကို တစ်ခါမှ မပယ်ရှားဖူးတဲ့ သမီးအလိမ္မာတုံးလေးကိုဗျ။

ကျော်ထက်က ပွဲလန့်တုန်း အတင်းဖျာဝင်ခင်းချင်တဲ့ ရွှေဘကို စိတ်နာတယ်။ ဂုဏ်ဒြပ်တွေ ကို မက်မောတွယ်တာပြီး သမီး ဖြစ်သူကို ထိုးကျွေးချင်ကြတဲ့ သူမ မိဘတွေ ကိုလည်း စိတ်နာတယ်။ အရမ်းကြီး မချမ်းသာကြတဲ့ သူ့အဖေနဲ့ အမေကိုလည်း မကျေမနပ် ဖြစ်နေမိတယ်။

အဲသလိုပါပဲ...။ ရွှေဘကလည်း လက်ဦးမှု ရယူထားတဲ့ ကျော်ထက်ကို ကြည့်မရဘူး။ ဘယ်ကြည့်ရပ့်မလဲ။ သူ အေးမိုးနား ကပ်လို့မရတာ ဟာ သူမ ချစ်သူ ဖြစ်တဲ့ ဒင်းကြောင့် လို့ ယူဆထားတာကိုး။

အေးမိုး မိဘတွေ အမြင်ကလည်း ရှင်းတယ်။ ရွှေ...ရွှေချင်းထပ်မှ မြတ်မှာ တဲ့လေ။ ဘာအခြေအမြစ်မှ မရှိ...ဘောလုံးကန်တာကလွဲပြီး ဘာအ ဖြစ်မှမရှိတဲ့ သူ့ကို မိဘတွေ က ဘယ်လိုနည်းနဲ့မှ မကြည်ဖြူနိုင်ပါ။ ကုမ္ပဏီပိုင်ရှင် သူဌေးသား ရွှေဘက တစ်ချိန်ကျရင် မြေကြီးလက်ခတ်မလွဲ ကုမ္ပဏီပိုင်ရှင်သူဌေး ဖြစ်လာမှာ မဟုတ်လား။ ဒီတော့ ဘယ်မိဘတွေ မဆို ကိုယ့်သားသမီး ဆင်နင်းပြီး...အဲ..အဲလေ..ဆင်စီးပြီး မြင်းရံတာကို

မြင်ချင်မှာ ပဲလေ။ ဒီတော့လည်း ကျော်ထက်နဲ့ သဘောမတူနိုင်တာကို အပြစ်လို့ မဆိုသာပါဘူး။

အေးမိုး ကတော့ ရှေးပဝေသဏီကတည်းက မိန်းမသားတို့ ထုံးစံအတိုင်း မိဘနဲ့ ချစ်ရသူကြားမှာ မျက်ရည်မိုးတွေ ဆွေ....ကြွေ...။ ရင်ထဲမှာ တော့ 'နွေ' ပေါ့ကွယ်...။

*

(၁၉၉၀)

SB-Unit . Vs. KT-FC

Half Time - 45'

ပထမပိုင်း (၄၅-မိနစ်)

*

## ပြန်ကန်ပွဲစဉ် (၁) / ပွဲကျန်

"ငိုနေရုံနဲ့ မပြီးဘူး မိုး...ကိုထက်အတွက် မိုးဘာစဉ်းစားထားလဲ ဆိုတာကိုပဲ ကိုထက် သိချင်တယ်"

"အဟင့်...ကိုထက်...ကိုထက်ကို မိုးအရမ်းချစ်တယ်..."

"သိတယ်လေ...ကိုထက် သိပါတယ်...မိုး ကိုထက်ကို ချစ်သလို ကိုထက်လည်း

မိုးကို အသဲပေါက်ထွက်မတတ် ချစ်တာပါပဲ...မိုးရဲ့ .....အခု မိုးဘာလုပ်မလဲဆိုတာကို ကိုထက် သိချင်တာ...မိဘစကားကို နားထောင်ပြီး နှလုံးသားအကွဲအကြေခံပြီး သမီး အလိမ္မာ လုပ်မလား..ဒါမှမဟုတ်...သတ္တိရှိရှိနဲ့ ကိုထက်နောက်ကို လိုက်မလာ...ကိုထက် ဒါကိုပဲ သိချင်တယ်....ဘယ်လိုလဲ မိုး..."

"အဟင့်...ဟင့်..."

ကျော်ထက်စကားဆုံးတော့ သူမမှာ ပြောစရာ စကားလုံး မရှိ ဖြစ်နေရတယ်။ စကားလုံးမရှိဆိုတာထက် ပြောရမှာ မရဲ ဖြစ်မိနေတယ်။ ကိုယ့်ချစ်သူကို နာကျင်စေတဲ့ စကားကို ဘယ်သူက ပြောရက်ပါ့မလဲနော်။

ဝမ်းနည်းပက်လက် ငိုကြွေးနေတဲ့ အေးမိုးကို ကျော်ထက်က ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်တယ်။ ကျော်ထက်က သက်ပြင်းတစ်ချက်ချပြီး ငြိမ်သက်နေတယ်။ အေးမိုး ကတော့ သူ့ ရင်ခွင်ထဲမှာ ငိုလို့ကောင်းတုန်း။

"တိတ်ပါတော့ မိုးရယ်...ဒီကိစ္စက ငိုနေရုံနဲ့ ပြီးသွားမှာ မဟုတ်ဘူးလေ...မိုး ဆုံးဖြတ်ရမှာ ...ဒို့နှစ် ယောက် အနာဂတ်က မိုးလက်ထဲမှာ ...ပြော...မိုး ဘာလုပ်မလဲ ပြော...."

သူ့စကားဆုံးတော့ သူမက မျက်ရည်တွေ ကြားထဲက သူ့မျက်နှာကို တောင်းပန်သလို မျက်ဝန်းတွေ နဲ့ ကြည့်နေတယ် ပြီးတော့ 'အိ' ခနဲ ငိုချလိုက်ပြန်တယ်။

"မိုးတို့ မိဘတွေ ကလည်း...လူငယ်တွေ ရဲ့ အချစ်....လူငယ်တွေ ရဲ့ နှလုံးသားကို ခံစားနားလည်မပေးကြဘူး....သူတို့က ဂုဏ်တွေ ဒြပ်တွေ ကိုပဲ သိကြနားလည်ကြတယ်။ သူတို့ အချစ်ဆိုတာကို လုံးဝ တန်ဘိုးမထားကြဘူး...ဟား...ဟား...အချစ်ကို ငွေနဲ့ဝယ်လို့ရမယ် ထင်နေကြတာ..ဟား ဟား...သနားဖို့ ကောင်းလိုက်တာကွာ...ဟားဟား"

နာနာကျည်းကျည်း ပြောဆိုရင်း အော်ဟစ်ရယ်မောပြီး ခံစားချက်တွေ ရင်ဖွင့်နေတဲ့ သူ့ပုံကို ကြည့်ပြီး သူမရင်ထဲမှာ နင့်နေအောင် ခံစားနေရပေမယ့် သူမပြောမှ ရမယ့် အခြေအနေမို့ ပြောကို ပြောရပါတော့မယ်။

"ကိုထက်…"

"ပြောလေ…မိုး…"

သူမ အဖြေစကားကို မျှော်လင့်တကြီး နားစွင့်နေတဲ့ သူ့မျက်နှာကို သူမနဲ့ ရင်နှာနှာနဲ့ ကြိတ်မှိတ်ပြောလိုက်ရပါတော့တယ်။

"ကိုထက်…အဟင့်..ဟင့်…မိုးလေ…မိုး…ကိုရွှေဘကို လက်ထပ်ရလိမ့်မယ်…ဟင့်"

"ဘာ…"

"မိုးကို ခွင့်လွှတ်ပါ…အဟင့်…ဟင့်"

ခေါင်းငုံ့ပြီး သည်းသည်းထန်ထန် ငိုကြွေးနေတဲ့ သူမကို သူ မယုံကြည်နိုင်စွာ ငေးကြည့်နေမိတယ်။ ဒီစကားက သူလုံးဝ ထင်မှတ်မထားတဲ့ စကားပါ။ သူမက သူ့ကို သိပ်ချစ်မှန်း သူသိပါတယ်။ ဒါနဲ့များ ….အခု။

သူ့ရင်ထဲမှာ သဲကန္တာရကြီးတစ်ခုလိုပဲ…။ သွေ့ခြောက်နေတယ်။ ပြောစရာ စကားလည်း မရှိတော့သလိုပါပဲ။

သူမ စကားဆုံးတော့ သူ့ရင်ထဲမှာ တစ်ခုခုကို လစ်ဟာသွားလိုက်ရသလို ခံစားရတယ်။ ဘယ်လို အတွေး ဘယ်လို စိတ်ကူးတွေ နဲ့ ဆုံးဖြတ်လိုက်တာလဲ မိုးရယ်။

"မိုးကို နားလည်ပေးပါ ကိုထက်ရယ်…မိဘတွေ စိတ်ချမ်းသာဖို့ပ…"

"တော်စမ်းပါ မိုးရာ…မိုးကလည်း အလကားပဲ…မိုးကို အထင်ကြီးမိတာတွေ … အားလုံး အလကားပဲ…မင်းလည်း မင်း မိဘတွေ လိုပါပဲ…ငါ့လိုကောင်ကို ဘယ်အထင်ကြီးပါ့မလဲ…. ကုမ္ပဏီသူဌေးသားမှ မဟုတ်တာ"

ပြောရင်း မျက်ရည်တွေ တသွင်သွင် စီးကျလာတဲ့ သူ့ကိုကြည့်ပြီး သူမ အံ့သြသွားသလို ရင်ထဲမှာ လည်း ပိုခံစားလိုက်ရတယ်။ သူမ ချစ်သူအကြောင်းကို သူမ ကောင်းကောင်း သိတာပေါ့။ သူဟာ ဘယ်တော့မှ မျက်ရည်ကျတတ်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူးလေ…။

“မဟုတ်ပါဘူ..ကိုထက်ရယ်...မိုးငွေမက်လို့ မဟုတ်ပါဘူး...တကယ်ပါ...အဟင့်... ဟင့်..”

“ငါ့မိဘတွေ ပြောတာ မှန်တယ်...လောကမှာ သစ္စာဆိုတာ ငွေပဲတဲ့....အေးမိုး မင်းပြန်တော့...ငါ မင်း မျက်နှာကို မမြင်ချင်တော့ဘူး...ကိုယ့်ချစ်သူအတွက် မင်းဟာ သတ္တိမရှိတဲ့ မိန်းမ၊ သစ္စာမရှိတဲ့ မိန်းမ၊....သွား...သွား...ငါ့အနားက မင်းထွက်သွား...”

သူ့စကားလုံးတွေ က သူမရင်ကို မြားအစင်းစင်းနဲ့ ပစ်ခွင်းနေသလိုပါပဲ။ နောက်ဆုံး သူစိတ်ချမ်းသာပါစေတော့ ဆိုတဲ့ စိတ်တစ်ခုနဲ့ သူမ ပြေးထွက်လာခဲ့မိပါတော့ယ်။

သွား........ သွားပါတော့ သိုးကလေးရယ်

မင်း........မင်းနဲ့ ညနေခင်းကို

ငါ........ငါ အမြတ်နိုးဆုံးပါ....။

ဒါ....ဒါပေမယ့်....

ရှိုင်း.....ရှိုင်းစိုင်းတဲ့ တောနက်ထဲမှာ

မင်း.....မင်းဘဝကို အမှော င်မချချင်စမ်းနဲ့

ငါ......ငါ့ဘဝကို ရေမြေခြားမှာ အွန္တရာယ်တွေ များ တယ်

ရေ.....ရေကြည်ရာသို့ သွားပါ။ (မြက်မနုတောင် အသက်လုရမယ် မဟုတ်လား)

သွား.......ထွက်သွား....

ငါ့..........ငါ့အနားက........

မင်း.........မင်း........ထွက်.........သွား...........။

*

# ပြန်ကန်ပွဲစဥ် (၂) /ပွဲကျန်

အသက်ဘယ်လောက် ချစ်ရပါတယ်...မခွဲနိုင်ပါဘူးဆိုတဲ့ ချစ်ရသူဆီက တကူးတက သူ့ဆီကို ရောက်လာတဲ့ မင်္ဂလာဖိတ်စာလေးကို ကြည့်ပြီး သူ မျက်ရည်ကျနေမိတယ်။

ဒါ....ဘာသဘောလဲ။ မင်းတို့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အောင်ပွဲခံမှု အတွက် ငါ့ကို တမင်သက်သက် ဒုက္ခထပ်လာပေးတာလား။

ကိုယ့်ချစ်သူရဲ့ လက်ထပ်ပွဲကို ငါက ဘယ်လိုမျက်နှာမျိုး နဲ့ လာခဲ့ရမှာ လဲ မိုးရယ်..။

သူ...မင်္ဂလာဖိတ်စာလေးကို ငေးကြည့်နေမိခိုက် အတွေ းတစ်ခု ရလတယ်။ ဘာလဲဆိုတော့ ဒါ...ချစ်သူ အေးမိုးရဲ့ သဘောဆန္ဒ လုံးဝမ ဖြစ်နိုင်ဘူး ဆိုတာပါပဲ။ ဒီမင်္ဂလာဖိတ်စာကို ဟိုကောင်က သိသိရက်နဲ့ သက်သက်မဲ့ ပို့ခိုင်းတာနေမှာ ။

သူ..အဲသလို တွေ းမိလိုက်တယ် ဆိုရင်ပဲ ဒေါသက ထောင်းကနဲ ထလာမိတယ်။ တဆက်တည်းမှာ ပဲ သူ...ဒီ မင်္ဂလာပွဲကို သွား ဖြစ်အောင် သွားဖို့ကို ယတိဖြတ် ဆုံးဖြတ်ချက် ချပစ်လိုက်တယ်။

ထုံးစံအတိုင်း ဂုဏ်ကြီးရှင်တို့ မင်္ဂလာဧည့်ခံပွဲက သိပ်ကို ကြီးကျယ်ခမ်းနားလွန်း လှပါတယ်။

စားပွဲဝိုင်းတစ်ခုမှာ လက်ဖွဲ့ဗူး တစ်ခုနဲ့အတူ ခပ်တည်တည် ဝင်ထိုင်နေတဲ့ သူ့ကို ဘယ်သူကမှ အရေး တယူ မရှိကြပါဘူး။ သူကလည်း ဘယ်သူ့ကိုမှ အထူးတလည် ဂရုမစိုက်နေပါဘူး။

သိပ်မကြာခင် အချိန်အတွင် းမှာ သူ တစ်ယောက် တည်း ထိုင်နေတဲ့ စားပွဲကို မိန်းမချောလေး တစ်ယောက် ရောက်လာပါတယ်။ အစ ကတော့ သူ ဘာသိဘာသာပဲ နေနေတာပါ။ သတို့သားနဲ့ သတို့သမီးတို့ ထွက်လာတဲ့အချိန်မှာ စောစောက သူ စကားပွဲကို

ရောက်လာတဲ့ မိန်းမချောလေးကို သတိထားမိသွားတယ်။

သူမရဲ့ မျက်ဝန်းတွေ က တစ်ခုခုကို ဆုံးရှုံးသွားသလို ဝမ်းနည်းပက်လက် ဖြစ်နေဟန်ပါ။ သူမအကြည့်တွေ က သတို့သား ရွှေဘဆီက လုံးဝမခွာပါဘူး။ သေသေချာချာ စူးစူးစိုက်စိုက် ကြည့်နေတယ်။

သူလည်း စူးစမ်းစိတ်နဲ့အတူ ပြုံး ဖြီးနေတဲ့ သတို့သား ရွှေဘကို ရွံ့ရှာသလို လှမ်းကြည့် ဖြစ်တယ်။။ ဒါပေမယ့် မငိုမိအောင် မနည်း ထိန်းထားရတဲ့ သူ့ချစ်သူ မိုးမျက်ဝန်တွေ နဲ့ တည့်တည့် ဆုံတယ်။ မင်္ဂလာပွဲမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမှာ စိုးတာနဲ့ သူက အရင် မျက်နှာလွှဲလိုက်တယ်။

သတို့သား ရွှေဘက သူ့ကို မြင်သွားပြီး ပြုံးရွှင်နေတဲ့ မျက်နှာကနေ ချက်ချင်း အရောင် ပြောင်းသွား တယ်။ ပြီးတော့ မယုံကြည်လေဟန်နဲ့ သူထိုင်ရာ စားပွဲကို သေချာထပ်ကြည့်တယ်။ သူ သတိထားလိုက်တော့ ရွှေဘမျက်ဝန်းတွေ က နံဘေးက မိန်းမချောလေးဆီမှာ ဆိုတာကို သိလိုက်တယ်။

အဲဒီ့ မိန်းမချောလေးက ရွှေဘမျက်နှာကို ကြည့်နေရာကနေ မျက်ရည်တွေ စီးကျလာတယ်။ ပြီးတော့ ဘေးလူမမြင်အောင် သူမ မျက်ရည်တွေ ကို လက်နဲ့ ခိုးခိုး သုတ်နေတယ်။

ကြားထဲကနေ သူက မနေနိုင် မထိုင်နိုင် တစ်ရှူး ထုတ်ပေးလိုက် မိတော့ သူမက သူ့ကို ပြန်ကြည့်တယ်။ သူ ကတော့ တစ်ခုခုကို ရိပ်မိတာနဲ့ ပြုံး ပြလိုက်မိတယ်။

"ရော့...တစ်ရှူး နဲ့ သုတ်လိုက်"

"ကျေးဇူးပဲ..."

"ကိစ္စ မရှိပါဘူး....ဒါနဲ့ ဒီက ညီမနဲ့....ရွှေဘနဲ့..."

"ကျွန်မ နာမည် ....မပွင့်ဆန်းပါ...ကို..."

"ကျွန်တော့် နာမည် ....ကျော်ထက်ပါ...မပွင့်...ဟို စပ်စုတယ်တော့

မထင်ပါနဲ့....ဒီက မပွင့်နဲ့ ရွှေဘနဲ့က..”

သူမက ရှက်သွားသလို ခေါင်းလေးငုံ့သွားတယ်။ ပြီးတော့ သူ့ကို ပြုံး ပြပြီးတော့...

“ကိုရွှေဘက ကျွန်မ ချစ်သူပါ...”

“ဪ...”

သတို့သား ရွှေဘ ကတော့ သူတို့နှစ် ယောက် ကို မကြာခဏဆိုသလို လှမ်းလှမ်းကြည့်တယ်။ အေးမိုးမျက်နှာကတော့ မကောင်းလှပါဘူး။

သူ ခြေပဂိုးသွင်းခွင့် ကြိုး စားဖို့အတွက် အခွင့်အရေး တစ်ရပ် ပေါ်လာခဲ့ပြီမို့ သူ့ကို လှမ်းကြည့်နေတဲ့ ရွှေဘကို ညစ်ကျယ်ကျယ် ပြုံး ပြလိုက်တယ်။

“ဒီက မပွင့်ဆန်းရယ်...ကိုယ့်ကို မကြင်နာလို့ ပစ်သွားတဲ့ ယေယျား တစ်ယောက် အတွက်နဲ့ နားထားလိုက်စမ်းပါဗျာ...ဂျင်းစိမ်းနဲ့ မိတ်သဟ လင်ပေါ့ဗျာ..သူကြင်မှ ကိုယ်ကြင်ပေါ့...ဟုတ်ဖူးလား..”

စတဲ့ အပြောအဆိုတွေ နဲ့အတူ သူမကို စတင်သွေးထိုးပြီး သိမ်းသွင်းပါတော့တယ်။ ကူရာကယ်ရာမဲ့ပြီး အားငယ်နေတဲ့ သူမအတွက်တော့ ကိုကျော်ထက်က အလိုလို အားကိုးစရာကြီး ဖြစ်လာပါတော့တယ်။

ဇာတ်လမ်းက အဲ့ဒီမှာ စတွေ့တော့တာပါပဲ....။

*

(၁၉၉၀)

SB-Unit . Vs. KT-F.C

# Second Time – 45’

# ဒုတိယပိုင်း (၄၅-မိနစ်)

*

## ကြားဖြတ်တင်ဆက်မှု (၅)

ရွှေဘ တစ်ယောက် သူ့ရဲ့ ငယ်ချစ်ဦး ပွင့်ဆန်းနဲ့ ကျော်ထက်တို့ လက်ထပ်လိုက်ပြီဆိုတဲ့ သတင်းကြောင့် နေမထိထိုင်မသာ ဖြစ်နေရတယ်။

“တောက်....ဒါ ဒီကောင် သက်သက် ငါ့ကို လက်စားချေတာ...”

“ဒီကောင်ကွာ...”

“တောက်....”

“............”

စတဲ့ ညည်းတွားသံတွေ ကို သူ့ခမျာ ရဲရဲမညည်းရဲဘူး။ ရခါစ ဇနီးချောလေး အေးမိုးများ သိသွားရင် မလွယ်ဘူးမို့လား။

အစ ကတော့ ပွင့်ဆန်းကို ကျော်ထက်က မခံချင်စိတ်နဲ့ လိုက်ခဲ့တာ ဖြစ်ပေမယ့် နောက်ပိုင်းကျတော့ နှလုံးသားထဲကနေ အချစ်သစ်တဖန် မွေးဖွားမိသွားတယ်။ နောက်ပြီး....ရွှေဘနဲ့ သူမတို့ ဇာတ်လမ်းတစ်စွန်းတစ်စကိုလည်း သူ သိခွင့် ရလိုက်တယ်။

ရွှေဘနဲ့သူမနဲ့က (၉) တန်းနှစ် မှာ သူငယ်ချင်းတွေ အမြော က်အပင့်ကောင်းတာနဲ့ ချစ်သူတွေ ဖြစ်သွားကြတယ်။ (၁၀) တန်းနှစ် ဘော်ဒါတွေ တက်□ ကတော့ တစ်ဆောင်စီမို့ သူမနဲ့ ရွှေဘတို့ အလိုလို ကွဲသွားကြတယ်။ နောက်....တက္ကသိုလ်

တက် ဖြစ်ကြပြန်တော့လည်း ကျောင်းချင်း တခြားစီမို့ မဆုံ ဖြစ်ခဲ့။ သူမက သစ္စာရှိရှိနဲ့ ရွှေဘကို စောင့်မျှော်နေခဲ့ပေမယ့် နောက်ဆုံး ရွှေဘက သူမဟုတ်တဲ့ တခြား တစ်ယောက် နဲ့ လက်ထပ်သွားခဲ့တာ ဖြစ်ပါတယ်။

အေးမိုးက ယောကျ်ား ဖြစ်လာတဲ့ ရွှေဘကို အစက မနှစ်သက် ခဲ့ပေမယ့် စစ်မှန်တဲ့ ရွှေဘရဲ့ အချစ်တွေ ကို တဖြည်းဖြည်း နားလည်လာခဲ့ပါတယ်။

ချစ်တိုင်းမညား ဖြစ်ရင်သာနေမယ်....။ တကယ် တကယ် ညားပြီးပြီဆိုရင်တော့ ရှစ်ဆယ် (၈၀%) ရာနှုန်းက ချစ်သွားကြတာပါပဲ...။

ဒီလိုနဲ့ ရွှေဘနဲ့ ကျော်ထက်တို့ရဲ့ နှလုံးသားမိုလ်လုပွဲကြီးက ပြီးသာသွားတယ်။ တစ်ယောက် တစ်ဂိုးစီ သရေနဲ့ ပူးတွဲ ချန်ပီယံ ဖြစ်သွားကြတယ်။

သားတွေ သမီးတွေ မွေးတော့ ဒီအတိတ်ဇာတ်လမ်းကြီးကို မေ့တော့တော့တောင် ဖြစ်ကုန်ကြပါပြီ။

ဟော....အခုကျမှ မထင်မှတ်ပါပဲ သူတို့ရဲ့ မျိုး ဆက်သားသမီးတွေ လက်ထက်ကြမှ တိုက်တိုက်ဆိုင်ဆိုင် ပြန်လည် ဆုံတွေ့လာကြပြန်တယ်။

နဂိုကတည်းက တစ်ဖက်နဲ့တစ်ဖက် အခဲမကြေခဲ့လေတော့ အင်း...............။

*

(၁၉၉၀)

SB-Unit . Vs. KT-F.C

(Full Time)

(1-1)

*

# ပွဲစဉ် (၇)

“ဒါဆို…တိုက်စစ်မှူး က မင်းအဖေနဲ့ ယောက္ခထီးလောင်းကြီးကို ထိပ်တိုက်တွေ့ပေးမှာ ပေါ့….”

“…..”

Canteen လေးထဲမှာ သူတို့အုပ်စု လူစုံတက်စုံနဲ့ နှလုံးသားမိုလ်လုပွဲ ကိစ္စကို တီးတိုးတိုင်ပင် နေကြခြင်း ဖြစ်ပါသည်။

ဖိုးလုံးရဲ့ အမေးကို သူက ခေါင်းညိတ်ပြလိုက်တော့ ရွှေရင်အေးအပါအဝင် အားလုံး အံ့အားသင့်သွားတယ်။

“ ဖြစ်…. ဖြစ်ပါ့မလား…ဆန်းထက်ရယ်….”

“အေးလေ…ဟုတ်ပ..အလိုလိုမှ….လူကြီးချင်းက ကမ္ဘာ့ရန်သူတွေ ဟာကို…”

မိုးသီတာအဆိုကို အေးသိမ့်က ထောက်ခံသမှု ပြုတော့ အိရွှေစင်ကပါ ခေါင်းညိတ်ပြတယ်။ ကေခိုင် ကတော့ သူတို့အတွက် စိုးရိမ်စိတ်နဲ့…

“ငါတော့…မထင်ဘူးနော်…..အခြေအနေတွေ ပိုပြီး ဆိုးလာမှာ မြင်ယောင်တယ်….” ဟု ဝင်ပြောတယ်။ ရွှေရင်အေး ကတော့ ဒီပွဲမှာ နားထောင်သူ သက်သက်ပါ။ သူ့ချစ်သူရဲ့ အစီအစဉ်ကိုပဲ တထစ်ချ လိုက်လုပ်ဖို့ ဆုံးဖြတ်ထားပုံရတယ်။

ဖိုးလုံးက….

"အလကားခေါင်းစားခံပြီး...လျှောက်လုပ်မနေစမ်းပါနဲ့...လူငယ်တိုက်စစ်မှူး ရယ်.....နိုးပြေး

လိုက်ရင် ပြီးသွားတဲ့ ကိစ္စကို..."

"ဟုတ်ပဲ့...ဖိုးလုံးပြောသလို လုပ်ရင် ပြီးရော...."

အိန္ဒြေစင်ကပါ အပြတ်အသတ် ထောက်ခံပေးလိုက် တယ်။ ဒါကို ဆန်းထက်က ခေါင်းတရမ်းရမ်းနဲ့....

"အဲလိုလုပ်လို့ မ ဖြစ်ဘူးဟ..."

"ဘာလို့ မ ဖြစ်ရမှာ လဲကွာ..."

အားမလို အားမရနဲ့ ဖိုးလုံးက ထပ်မေးတော့ သူ အားလုံးကို ရှင်းပြလိုက်တယ်။

"အ ဖြစ်က ဒီလိုဟေ့....ဒီလို....ဟော့ဒီ မအေတူ သမီးလေး ရွှေရင်အေးက... အဲသလို နိုးရာကို လိုက်မပြေးချင်ဘူးတဲ့ဟေ့....လူကြီးတွေ ပြေလည်သွားအောင် ညှိကြည့်ပါတဲ့...အဲဒါကြောင့် ငါ့မှာ ဒီလောက် စိတ်ရှုပ်ခံနေရတာ ....ကျောင်းပြီးဖို့ကလည်း မလိုတော့ဘူး မို့လား.... ဖြစ်နိုင်ရင် ငါက အခုတောင် နိုးလိုက်ချင်သေးတယ်....ဒေါ်ရွှေရင်အေးကြောင့် ..."

သူမက မလုံမလဲနဲ့....

"အမယ်...ဒီက အကောင်းပြောတာပါနော်....မိဘတွေ နဲ့ အဆင်မပြေရင်..ရှေ့ဆက်ပြီး ဘယ်လောက် စိတ်ရှုပ်ဖို့ ကောင်းမလဲ တွေ းကြည့်ပေါ့....လူကိုပဲ အပြစ်တင်မနေနဲ့..."

"အပြစ်တင်နေတာ မဟုတ်ပါဘူး အေးရယ်....သူတို့ နားလည်အောင် ရှင်းပြနေတာပါ..." သူက ပြောပြီး သက်ပြင်းချလိုက်တယ်။ သူမကလည်း ခေါင်းလေးခါပြီး.....

"ခက်ပါတယ်...ဖေဖေတို့ကလည်း ဘာမဟုတ်တာလေးကို.... အသည်းအသည် ဖြစ်နေကြတယ်"

“အဲဒါ ပြောတာပေါ့…အဲဒီ တော့..အေးက ငါပြောတဲ့အတိုင်း အေးအဖေကို တစ်ဖက်လှည့်နဲ့ ခေါ်ထုတ်ခဲ့….အေး အမေ မသိစေနဲ့နော်….ငါလည်း အဖေ့ကို ခေါ်လာခဲ့မယ်…”

“စိတ်ချပါ…ဒီလောက်တော့ အေးက ပိုင်ပါတယ်”

“သန်ဖက်ခါ….နေ့လယ် (၁) နာရီနော်….ဆိုင်ကို သိတယ်မို့လား…..”

“အင်း…သိပါတယ်….”

“ဟဲ့ဟဲ့….နေကြပါဦး….နင်တို့ အဖေနှစ် ယောက် တွေ့ပါပြီတဲ့….နင်တို့က ပြေလည်အောင် ဘယ်လိုလုပ်ကြမှာ လဲ….”

စိုးရိမ်တကြီးမေးတဲ့ အေးသိမ့်စကားကို သူက ပြုံး စစနဲ့….

“ဟဲဟဲ….ဒါ ကတော့ အထူးလျှို့ ဝှက်ချက်ပေါ့ဟာ…ငါ့မှာ …အညာ ရှိပါတယ်….”

“ဟယ်…”

“အို…”

“လူညစ်ပတ်…”

အဓိပ္ပာယ် တစ်မျိုး ကြီးထွက်နေတဲ့ ဆန်းထက်စကားကြောင့် မိန်းကလေးသူငယ်ချင်းတွေ မျက်နှာလေးရဲတက်လာကြတယ်။

“ဟုတ်ဘူးလေဟာ….ဟို…ငါပြောတာက….အဖေနဲ့ သူ့အဖေရဲ့ နိုင်ကွက်တွေ ငါ့မှာ ရှိတယ် မပူကြနဲ့လို့….အဲဒါကို ပြောတာ…အဟဲ…”

“သြော်…”

“အမလေး..တော် ပါသေးရဲ့ ….”

ဖိုးလုံး ကတော့ တခွီးခွီး ကြိတ်ရယ်နေပါတော့တယ်။ ရွှေရင်အေးကလည်း အမြဲတလွဲ ပြောတတ်လွန်းတဲ့ သူ့ချစ်စဖွယ် မျက်စောင်းလေးတစ်ချက် ထိုးကြည့်လိုက်တယ်။

ထုံးစံအတိုင်း ကိုယ့်ဆရာ ကတော့ စပ်ဖြဲဖြဲပါပဲ ပရိသတ်တို့...။

မင်းဟာ....

ကိုယ့်အတွက် အနိုင်ဂိုးပါ။

အိမ်ကွင်းမှာ ပဲ ဖြစ် ဖြစ်

အဝေးကွင်းမှာ ပဲ ဖြစ် ဖြစ်

ကိုယ် ကြိုး စားသွားမှာ ပါကွာ။

ခံစစ်တွေ ဘယ်လောက်ပဲ

တောင့်တင်းနေပါစေ....

ကိုယ်ထိုးဖောက်တိုက်စစ်ဆင်ခဲ့မယ်။

ဒိုင်လူကြီးက စ လူကျံ့ဘောတွေ နဲ့

ခဏ ခဏ ကိုယ့်ကို လုပ်ကြံခဲ့လေတော့

ကိုယ့်မှာ ဂိုးသွင်းခွင့် မကြုံရသေးဘူး

ဘာပဲ ဖြစ် ဖြစ် ဒီဗိုလ်လုပွဲက

ကိုယ့်ပွဲပါ...

နှစ် ဝါတစ်နီ မ ဖြစ်သရွေ့

အထောင်တိုက်စစ်မှူး ဆိုတဲ့

ကိုယ့် အစွမ်းကို

အရိုးကြေကြေ အရေခန်းခန်း

ပြသသွားမယ် ချစ်သူ....

မင်း အော်ဖို့သာ ပြင်ထားပါ

'ဂိုး' 'ဂိုး' 'ဂိုး' ...လို့...။

*

(၂၀၁၀)

ST-F.C .Vs. SYA – Unit

Half-Time- (Full)

*

ပွဲစဉ်(၈)

"ရောက်တော့မှာ ပါ ဖေဖေရဲ့ ....ဟိုရှေ့ ဆိုင်လေးတင်ပါ..."

"သမီးက...ဘာမှလည်း ရေရေရာရာ ပြောမထားဘူး...ဖေဖေက ဘာလိုက်လုပ်ရမှာ လဲ.."

"သြော်...ဟိုရောက်ရင် သိမှာ ပါ အဖေရဲ့ ..."

"နေစမ်းပါဦး...သမီးမေမေက မသိအောင်တောင် ဖေဖေ့ကို အရေး တကြီး ခေါ်လာရတယ် ဆိုတော့ ဘာကိစ္စများ လဲ သမီးရယ်..."

"အဖေ....ရည်းစားဟောင်း ဒေါ်ဆန်းပွင့် ကိစ္စ...."

"ဟေ.."

သမီး ဖြစ်သူ စကားကြောင့် ဦးရွှေဘက ဘာဆက်ပြောရမယ် မသိတော့...။ သမီး ဖြစ်သူကိုသာ ကြောင်ငေးကြည့်နေမိတယ်။

"ဟုတ်တယ်....ဒေါ်ပွင့်ဆန်း ကိစ္စပဲ...."

"ပွင့်လေး...ပွင့်လေးက...အဲ...ပွင့်ဆန်းက...ခွေးသူတောင်းစားနဲ့ ရသွားပြီးပြီပဲ... ဖေဖေနဲ့ ဘယ်လို ပတ်သက်...."

"လာစမ်းပါ ဖေဖေရာ...ဟိုကျ သိရမှာ ပဲဟာကို..."

သူမက အဖေ ဖြစ်သူလက်ကို အတင်းဆွဲခေါ်လာတော့ ဦးရွှေဘ တစ်ယောက် မျက်နှာငယ်လေးနဲ့ ဘုမသိ ဘမသိ ပါလာပါတော့တယ်။..။

"သားပြောတဲ့...အထူးဧည့်သည်ဆိုတာတွေ က မလာသေးဘူးလားကွ.."

ဦးကျော်ထက်က စိတ်မရှည်တော့သလို သူ့ကိုမေးတော့ ဆိုင်ဝကို လှမ်းမျှော်ကြည့်ရင်းမှ...

"လာမှာ ပါ အဖေရဲ့ ....ခဏလေးပါ.."

"မင်းအမေတောင် မသိအောင် တကူးတက အဖေ့ကို ခေါ်လာတာဆိုတော့..ဒီဧည့်သည်က ဘယ်သူမို့လဲ....နောက်ပြီး ဘာကိစ္စလဲ..."

"တော် ကြာ...သိရမှာ ပေါ့ အဖေရယ်.."

"ဘာလဲ...ဘရာဇီးလ် တိုက်စစ်မှူး ရော်နယ်ဒို လာမှာ မို့လား...."

အဖေ ဖြစ်သူက သူ crazy ဖြစ်တဲ့ ဘောလုံးသမားများ လားဆိုတဲ့ အတွေးနဲ့ အားတက်သရော မေးလာတော့ သူ အတော် စိတ်ညစ်သွားတယ်

များ မကြာမီ အချိန်လေးမှာ ပဲ ရွှေရင်အေးတို့ သားအဖ ဆိုင်ထဲကို လှမ်းဝင်လာတယ်။ သူက သူမကို ပြုံး ပြပြီး လှမ်းခေါ်တော့ သူမကလည်း ပြုံး ပြုံး ပြုံး ပြုံး နဲ့

ရောက်လာတယ်။

ဦးကျော်ထက် တစ်ယောက် သူ့ရဲ့ ရန်သူဟောင်းကို မြင်လိုက်တယ်ဆိုရင်ပဲ မျက်နှာကြောကြီး တင်းမာသွားတယ်။

ဦးရွှေဘခများလည်း မထင်မှတ်ပါပဲ သူ့ရဲ့ အချစ်တော် ကြီး ဦးကျော်ထက်ကို အခန့်သား တွေ့လိုက်ရတယ်ဆိုရင်ပဲ မတ်တပ်ကြီး မေ့သွားတော့တယ်။

ဆန်းထက်နဲ့ ရွှေရင်အေးတို့ ကတော့ တစ်ယောက် ကို တစ်ယောက် မျက်ခုံးပင့်ပြလိုက်ကြတယ်။

ဦးကျော်ထက်က ဦးရွှေဘကို လက်ညှိုး ကြီးထိုးပြီး… “မင်း….မင်း…” ဆိုပြီး ဆွံ့အလို့ နေရှာပါတော့တယ်။

*

(၂၀၁၀)

ST-F.C . Vs. STA-Unit

(1st Half Analysis)

ပထမပိုင်းအပြီး သုံးသပ်ချက်

*

## ပထမပိုင်းအပြီး ပွဲသုံးသပ်သူ၏ အမြင်

ဟုတ်ကဲ့။ ထောင့်ကိုးရာကိုးဆယ် (၁၉၉၀) ခုနှစ် ဝန်းကျင်မှာ ဦးရွှေဘနဲ့ ဦးကျော်ထက်တို့ဟာ နလုံးသားဗိုလ်လုပွဲတစ်ခုမှာ အတော် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပါတယ်။

ဇာတ်လမ်းလေး ကတော့ ပရိသတ်တို့ သိကြတဲ့အတိုင်း ပါပဲ။ တစ်ဖက် တစ်ဂိုးစီနဲ့ ပူးတွဲ ချန်ပီယံတွေ ပါ။

ဒါပေမယ့် ဖြစ်ချင်တော့ သူတို့ရဲ့ သားသမီးတွေ အတွက်နဲ့ အခု (၂၀၁၀) နှစ်ထောင့်တစ်ဆယ်ခုနှစ် မှာ ထိပ်တိုက်ပြန်လည် ဆုံတွေ့နေကြပါပြီ။

ဦးရွှေဘကလည်း နောက်ထပ် အနိုင်ဂိုးမပေးရရေး အတွက် သမီး ဖြစ်သူကို အပြင်းအထန် ကာကွယ်ထားသလို ဦးကျော်ထက်ကလည်း အတော် ကလေး ပိတ်ပင်တားဆီးထားပါတယ်။

ဒီလို သွေးဆူနေတဲ့ ပြိုင်ပွဲကို ဆန်းထက်နဲ့ ရွှေရင်အေးတို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဆုံးသတ်ဖို့ ကြိုး စားနေပါတယ်။

အဲ့ဒီအတွက် ပထမခြေလှမ်းအနေနဲ့ သူတို့ ချစ်သူနှစ် ဦးဟာ အဖေတွေ ဖြစ်ကြတဲ့ ဦးကျော်ထက်နဲ့ ဦးရွှေဘကို ထိပ်တိုက်တွေ့ဆုံပေးလိုက် ပြီ ဖြစ်ပါတယ်။

ဟုတ်ကဲ့...။ နလုံးသား ဗိုလ်လုပွဲရဲ့ ဒုတိယပိုင်း ဆယ့်ငါးမိနစ်မှာ ....

-ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ ဘယ်လိုတွေ ဖြစ်ခဲ့ကြသလဲ

-ဆန်းထက်နဲ့ ရွှေရင်အေးတို့ကရော ဘာတွေ ပြောကြမှာ လဲ

-လူကြီးတွေ ပြေလည်မှု ရပြီး သူတို့ ချစ်သူတွေ ညား/မညား

-မညားရင် ဘာဆက် ဖြစ်မလဲ/ ညားခဲ့ရင်ကော ဘာတွေ များ ဆက် ဖြစ်မလဲ

-ဒေါ်ဆန်းပွင့်နဲ့ ဒေါ်အေးမိုတို့ အကြောင်းစုံကိုများ သိသွားခဲ့ရင်

စတဲ့....စတဲ့ အကြောင်းအရာတွေ နဲ့အတူ ဘယ်အသင်းက နလုံးသားဗိုလ်လုပွဲမှာ အနိုင်ယူ ဗိုလ်စွဲသွားမယ်ဆိုတာကို ဒုတိယပိုင်းမှာ ဆက်လက် ရင်ခုန်ကြပါဦးစို့...။

*

ST – F.C . Vs. STA – Unit

'နလုံးသား ဗိုလ်လုပွဲ'

*

(၂၀၁၀)

San Htat-Football Class.Vs.Shwe Yin Aye-United

Second Half (coming soon)

'နလုံးသားဗိုလ်လုပွဲ' (ဒုတိယပိုင်း - ၄၅ မိနစ်)

မျှော်....

လေးစားကြိုး စားလျက်

ဒုတိယပိုင်း (လေးဆယ့်ငါးမိနစ်)

‘နှလုံးသားဗိုလ်လုပွဲ’

2nd-Half 45’

*

သက္ကရာဇ် နှစ် ထောင့်တစ်ဆယ်ပြည့်နှစ် (၂၀၁၀)

‘နှလုံးသား ဗိုလ်လုပွဲ’

မှ

‘အဓိကပွဲထွက်လူစာရင်း’

San Htat-Football Class

Vs.

Shwe Yin Aye United

အထောင်တိုက်စစ်မှူး -ဆန်းထက်

ဂိုးသမား-ရွှေရင်အေး

ဗဟိုခံစစ်မှူး (ညာ)-ဦးကျော်ထက်

ဗဟိုခံစစ်မှူး (ညာ)-ဦးရွှေဘ

ဗဟိုခံစစ်မှူး (ဘယ်)-ဒေါ်ပွင့်ဆန်း

ဗဟိုခံစစ်မှူး (ဘယ်)-ဒေါ်အေးမိုး

*

နှလုံးသားမိုလ်လုပွဲ (၂၀၁၀)

ဆန်းထက် (FC) . Vs. ရွှေရင်အေး (Unit)

Sat.P.M.15:00 (ကြားကွင်း)

(၂၀၁၀)

ST – F.C. Vs. SYA – Unit

Second Half – 45’

ဒုတိယပိုင်း (၄၅ - မိနစ်)

*

ကြားဖြတ်တင်ဆက်မှု (၆)

ဆန်းထက်နဲ့ ရွှေရင်အေးတို့ရဲ့ ကောင်းမှု ကြောင့် ဦးကျော်ထက်နဲ့ ဦးရွှေဘတို့

နစ် ယောက် ဟာ ရုတ်တရက်ကြီး ပြေလည်သွားကြတယ်ဆိုရင် ကိုယ့်ဆရာတို့ အံ့သြသွားမလားပဲ...။

အံ့သြမယ်ဆိုရင်လည်း အံ့သြစရာပါပဲ။ ဒီလို ကမ္ဘာ့ရန် သူကြီးနစ် ဦးက စစ်ပြေငြိမ်းရေး စာချုပ်ကြီး ရုတ်တရက် ထချုပ်ပစ်လိုက်တာကိုး။

ဆန်းထက်တို့ ချစ်သူနစ် ဦးကဆို ဘာပြောကောင်းမလဲ။ ဘာမှကို ပြောမကောင်းဘူး။ မောင်ဆန်းထက်လေ...။ မောင်ဆန်းထက်ပေါ့..။ အပျော်လွန်ပြီး အာကြီးပွဲနွဲလိုက်တာ ကွဲပါလေရောလား။

သူတို့ချစ်သူနစ် ဦးရဲ့ သူငယ်ချင်းတွေ ကဆို ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ အဆင်ပြေသွာပြီဆိုတာကို ယုံတောင်မယုံနိုင်ကြဘူး။

အခုဆိုရင် ခမည် းခမက်လောင်း နစ် ယောက် က ကျောင်းပြီးရင် သားနဲ့သမီးတို့ လက်ထပ်ပေးဖို့ ကိစ္စကိုတောင် ကတိကဝတ်တွေ ပြုပြီးကုန်ကြပြီလေ။

ဆန်းထက်ရဲ့ တိုက်စစ်က အတော် ဖြစ်တယ်လို့ ပြောရမှာ လဲ။ ဂိုးပြတ်နဲ့ကို အဝေးကွင်းမှာ လူလည်ပေသီး လုပ်ပစ်လိုက်တာ။

အထင်မကြီးစဘူး ရွှေရင်အေးကတောင် ဆန်းထက်ရဲ့ ဖာဂူဆန်အကွက်တွေ ကို ချီးကျူး နေပါတယ်ဆို။

ဒါပေမယ့်....ခမည် းခမက်တွေ က သဘောတူပေး လိုက်တယ် ဆိုပေမယ့် သိပ်ကြည်ဖြူလွန်းလို့တော့ မဟုတ်ဘူးနော်။ သူတို့အကြောင်းနဲ့ သူတို့မို့သာပေါ့။ မဟုတ်လို့ ကတော့ ဆန်းထက်တို့ နားကားတောင်သွားဦးမယ်။

အညာလေ.. အညာပေါ့။ ဆန်းထက်က နစ် ယောက် စလုံးရဲ့ အညာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားနိုင်ခဲ့လို့သာပေါ့ဗျာ။

အခုတော့.....သူတို့ ချစ်သူနစ် ယောက် ရဲ့ အနာဂတ်ဟာ ရွှေအတိပြီးလို့...။

*

# ပွဲစဉ် (၉)

“ဘယ်လို ရှင့်ကို နားလည်ပေးရမှာ လဲ...ကို ရွှေဘ....အစတုန်း ကတော့ ဒီကောင်လေးကို ခါးခါးသီးသီးနဲ့....အခုကျမှ ချက်ချင်း လက်ငင်းကြီး သဘောတူပစ်လိုက်ရတာ လဲ...ရှင်...စိတ်ကော မှန်သေးရဲ့ လား ယောကျ်ားရယ်...”

ဒေါ်အေးမိုးက ယောကျ်ား ဖြစ်သူကို နားမလည်နိုင်စွာ မေးတော့ ဦးရွှေဘက သူမပြောသလို ပုံစံနဲ့ ဂျာနယ်တစ်စောင်ကို စိတ်ဝင်စားဟန်ချင်ယောင်ဆောင်ပြီး ဖတ်နေတယ်။

ဒါကိုသိတဲ့ ဒေါ်အေးမိုက ဦးရွှေဘလက်ထဲက ဂျာနယ်ကို ဆွဲယူပစ်လိုက်ပြီး....

“ကိုရွှေဘ...ရှင့်ကို မေးနေတယ်လေ...ဘယ်လို ဖြစ်လို့ ရှင် ချက်ချင်း စိတ်ပြောင်းသွား ရတာ လဲ...”

“ဘာကိုလဲ...မိန်းမရဲ့ .....”

ဒင်းက ခုထိ ရှူးဟန်ဆောင်ထားတုန်း...

“ဘာကမလဲ...သမီးလေးနဲ့....ကိုကျော်ထက်သားရဲ့ ကိစ္စလေ...”

“ဩော်...ဒါလား...” ဆိုပြီး ဦးရွှေဘက ဒေါ်အေးမိုးကို မလုံမလဲ တစ်ချက်ကြည့်လိုက်သေးတယ်။ ဒေါ်အေးမိုး ကတော့ ရိပ်မိပုံမပေါ်။

“ဘာမှမဟုတ်တဲ့ ကိစ္စလေးတစ်ခုအတွက်နဲ့...သမီးလေးကို စိတ်မဆင်းရဲစေချင်လို့ပါကွာ....”

ဒေါ်အေးမိုးက ယောကျ်ား ဖြစ်သူရဲ့ စကားကြောင့် မသိမသာ နှာခေါင်းရှုံ့တယ်။

“မချစ်မနှစ်သက် သူရဲ့ ရင်ခွင်ထဲမှာ ခံစားရမယ့် ဒုက္ခတွေ ကို ငါ့သမီးလေးကို

မပေးချင်လို့ပါကွာ.. ပြီးတော့ ဟိုကောင်လေးကလည်း မဆိုးပါဘူး...သမီးလေးကို ချစ်ရှာပါတယ်”

“အစ ကတော့...တော် ပဲ ဒီလို ဘောလုံးရူးနဲ့ သဘောမတူနိုင်ပါဘူးဆို...”

“ဩော်..အင်း...ဒါက...”

“ဒါကတွေ ...ဘာတွေ လုပ်မနေနဲ့....ဒီကိစ္စ ရှင် မရိုးသားဘူး...”

“ဟေ...”

သူ့မျက်နှာကို မယုံမကြည် စိုက်ကြည့်နေတဲ့ မိန်းမ ဖြစ်သူရဲ့ မျက်လုံးစိမ်းတွေကြောင့် ဦးရွှေဘ မနေတတ်မထိုင်တတ် ဖြစ်သွားတယ်။

“ကိုရွှေဘ...ရှင် ကျွန်မအကြောင်း သိတယ်နော်...ပြောစမ်း....ရှင်တို့မှာ အကြောင်းရင်း တစ်ခုခုတော့ ရှိကို ရှိရမယ်....ပြော....ဘာလဲပြော...”

မိန်းမ ဖြစ်သူရဲ့ ထိထိမိမိ မေးခွန်းအဆုံးမှာ ဦးရွှေဘ တစ်ယောက် မသိမသာ တုန်တက်သွားတာပါ။

“ဟာ...မိန်းမရယ်...ငါ တကယ်ပြောတာပါ...ဘာအကြောင်းအရင်းမှ မရှိပါဘူးကွာ...”

“မယုံဘူး...”

“ဒီမယ် မိန်းမ....ဖအေ ဖြစ်တဲ့ငါက သမီး ဖြစ်သူကို လင်ပေးစားမယ့်ကိစ္စာ မိန်းမ ဖြစ်တဲ့ မင်းအနေနဲ့ ဘာမယုံကြည်စရာ ရှိသလဲ....အဲ...အဲဒါ ငါ့ကိုပြောစမ်း...”

“အမ်...”

ယောက်ျား ဖြစ်သူရဲ့ စကားကြောင့် ဒေါ်အေးမိုးတစ်ချက် တွေ သွားတယ်။ ဟုတ်သားပဲ.....ငါက မယုံစရာ ရှိနေလို့လဲ။ အို...ဘာပဲ ဖြစ် ဖြစ် ဟန်ကိုယ့်ဖို့လိုတယ် မဟုတ်လား။

"အို…ဒါ ကတော့ ဘယ်သိနိုင်မလဲရှင့်…ပြီးတော့ ရှင်နဲ့ ကိုကျော်ထက်နဲ့ ဆိုတာက ကမ္ဘာရန်တွေ ပဲ…အခုမှ ရှင်က…"

"ဟ…တော် စမ်းပါ…မိန်းမရာ….အမိဗွာယ် မရှိတဲ့ဟာတွေ ကို…အဓိက သမီးလေး စိတ်ချမ်းသာရင် ပြီးတာပဲ မဟုတ်လား…."

ဦးရွှေဘက ဒေါ်အေးမိုး ဆက်မပြောခင် ပွဲသိမ်းစကားပြောကာ ဂျာနယ်ကို ထုံးစံအတိုင်း စိတ်မပါဘဲ ဟန်ဆောင်ပန်ဆောင် ဆက်ဖတ်နေလိုက်တယ်။

ဒေါ်အေးမိုး ကတော့ ပွစိပွစိနဲ့ အိပ်ခန်းထဲကို ဝင်သွားရှာတယ်။

ရွှေရင်အေး ကတော့ အခန်းတံခါးလေး အသာဟပြီး ခိုးနားထောင်ရာကနေ မိဘနှစ် ပါးပုံစံကြည့်ပြီး အသံမထွက်အောင် ကြိတ်ရယ်နေလေတော့တယ်။

*

"ဘယ်လို….ဘယ်လို ဆန်းထက်…ဟုတ်ရောဟုတ်ရဲ့ လား သားရယ်"

ဒေါ်ပွင့်ဆန်းခမျာ သား ဖြစ်သူ စကားကို မယုံရဲယုံရဲ ဖြစ်နေရှာတယ်။ ဖြစ်မယ်ဆိုလည်း ဖြစ်လောက်စရာပါပဲ။ ဦးကျော်ထက်က ပူးဆို ဖရုံသီးတဲ့ လူစားမျိုး မှ မဟုတ်တာကိုး။( အင်းလေ…ပူးဆိုမှတော့ ဘယ်လိုလုပ် ဖရုံသီး သီးနိုင်မလဲနော်) "တကယ်ပါ အမေရာ….အဖေက သားနဲ့ရွှေရင်အေးကို ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမှာ တဲ့…."

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့ သားရယ်…အမေတော့ သားပြောလို့သာ ခေါင်းညိတ်နေရတာ …အမေတော့ မထင်ဘူး.."

ဒေါ်ပွင့်ဆန်းက ခေါင်းတရမ်းရမ်းနဲ့ ပြောတော့ ဆန်းထက်က ရယ်ကျဲကျဲ လုပ်နေတယ်။

"ဒါနဲ့ သားကောင်မလေးဘက်ကရော သဘောတူပါ့မလား"

“Ok တယ် အမေ....အားလုံးပဲ ok..”

သူ့စကားကြောင့် ဒေါ်ပွင့်ဆန်း တစ်ယောက် ထပ်ဆင့် အံ့သြသွားရပြန်တယ်။ ရင်ဘတ်ကို လက်နဲ့ဖိပြီး မျက်လုံးကြီးပြူး ကာ ‘ဘုရား’ တောင် တလိုက်သေးတယ်။

“ဟုတ်လို့လား သားရယ်..သားအဖေနဲ့ သားကောင်မလေး အဖေနဲ့က ဘယ်လိုရန်ညှိုး...ဘယ်လို ရာဇဝင်တွေ ရှိလာခဲ့မှန်း အမေ တိတိကျကျ မသိပေမယ့် သူတို့ နှစ်ယောက် ကြားမှာ အက်ကြောင်းခပ်ကြီးကြီးတစ်ခုတော့ ရှိထားမှန်း အမေသိပါတယ်.... အခုလို ရုတ်တရက်ကြီး နှစ် ဖက်စလုံးက အဆင်ပြေလိုက်တော့ အမေ သံသယတော့ ဖြစ်မိတယ် သား”

“ဒါ ကတော့ သားလည်း မပြောတတ်ဘူး...အမေရာ...အခုလို Ok တာကိုပဲ...သား ကတော့ ပျော်တယ်”

“အမေလည်း ဝမ်းသာပါတယ်ကွယ်....ဒါပေမယ့် သေချာအောင်တော့ သားအဖေကို အမေ သွားမေးလိုက်ဦးမယ်...”

“မေးမေး..သူတို့ရဲ့ နောက်ကြောင်းရာဇဝင်ပါ သိအောင်မေးခဲ့ အမေ...”

သူက အဖေ ဖြစ်သူ ဦးကျော်ထက်ကို အချွန်နဲ့ မ,လွှတ်လိုက်တယ်။ အမေ ဖြစ်သူ ကတော့ မရမက မေးတော့မှာ အသေအချာပဲ။ အမေ့ရဲ့ မေးခွန်းတွေ အောက်မှာ အဖေ ဘယ်လို လိမ်မယ် ခေါက်မယ်ဆိုတာကို တွေးမိပြီး သူ ပြုံး ပြုံး ကြီး ကျန်ခဲ့လေတော့တယ်။

*

## ကြားဖြတ်တင်ဆက်မှု (၇)

အခုဆိုရင် ဆန်းထက်နဲ့ ရွှေရင်အေးတို့ဟာ ပုဆိုးတန်းဝင် အကြင်လင်မယား ဘဝကို ပိုင်ပိုင်နိုင်နိုင်ကြီး ရောက်ရှိသွားပြီ ဖြစ်ပါတယ်။

သူတို့နှစ် ဦးရဲ့ မင်္ဂလာပွဲကို ကုန်သည်ကြီးများ ဟော်တယ်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်။

အဲ့ဒီ မင်္ဂလာပွဲမှာ သတို့သားနဲ့ သတို့သမီးတို့ ပြုံး ပျော်နေကြပေမယ့် ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ ကတော့ ရှုံတည်တည်ကြီးတွေ ပါပဲ။

ခမည် းခမက်တွေ တရားဝင် ဖြစ်သွားပြီ ဖြစ်တဲ့ ဒေါ်ပွင့်ဆန်းနဲ့ ဒေါ်အေးမိုးတို့ ကတော့ မိန်းမသားချင်းမို့ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ပါပဲ။ ဒါကို ဦးကျော်ထက်နဲ့ ဦးရွှေဘတို့က သဘောကျတာ မဟုတ်ဘူးရယ်....။ မပြောသာလိုတဲ့ ဒီအကြောင်းတွေ ကို ကြိတ်မှိတ်ပြီး မိန်းမ ဖြစ်သူတွေ ကို ကြည့်နေရတာ ကိုးဗျ။

မင်္ဂလာပွဲသာ အောင်အောင်မြင်မြင်နဲ့ ပြီးသွားတယ်။ ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ စကားတစ်ခွန်းတောင် မပြော ဖြစ်လိုက်ကြဘူး

ဟော...ပြောမှ ပြော ဖြစ်ကြတော့လည်း ကြည့်ဦးလေ...။

ဖြစ်ကြ ပျက်ကြပုံက...။

*

## မောင်ဆန်းထက်နဲ့ မရွှေရင်အေးတို့၏

## မင်္ဂလာပွဲအပြီး

## သုံး (၃) နာရီနှင့် နှစ် ဆယ့်ငါး (၂၅) မိနစ်အကြာ....

*

## ပွဲစဉ် (၁၀)

"သာဓုပါကွယ်....သာဓုပါ..သာဓုပါ..."

"ဒီလင်...ဒီမယား...အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်.."

မင်္ဂလာပွဲအပြီး သားသမီးတွေ က နှစ် ဖက်မိဘတွေ ကို ကန်တော့ကြတော့ ဒေါ်ပွင့်ဆန်းနဲ့ ဒေါ်အေးမိုးတို့က ပီတိတွေ ဝေကာ ဆုတွေ တပုံကြီး ပေးကြတယ်။

ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ ကတော့ သိတယ်မို့လား။ ခပ်တည်တည်မှ ခပ်တည်တည်ကြီးတွေ ပဲ။ အသေသတ်ရင်သတ် လုံးဝ မပြုံး ဘူးဆိုတဲ့အတိုင်းပဲ။

ခဏနေမှ ကိုကျော်ထက်က အရင် စကားစလိုက်တယ်။

"ကဲ...မိဘတွေ ကိုလည်း ကန်တော့လို့ပြီးကြပြီဆိုတော့....ယောင်နောက်ဆံထုံးပါ....ဆိုတဲ့အတိုင်း ဒီက သမီးလေးက အဖေတို့အိမ်ကို လိုက်နေပေါ့....ဟုတ်ဘူးလား....."

"ဟာ....ဘယ် ဖြစ်မလဲဗျ...ယောင်တွေ ဆံထုံးတွေ က ဟိုးခေတ်ကြီးထဲမှာ ... ကျန်ခဲ့ပါပြီ.... ခက်တာက ကျုပ်မှာ ကလည်း ဒီ သမီးလေး တစ်ယောက် တည်း ရှိတာဆိုတော့ကာ ဒီက မောင်ဆန်းထက်ကပဲ ဦးတို့အိမ်မှာ လိုက်နေပေါ့ကွာ..."

ဦးကျော်ထက်က သူ့စကားမဆုံးခင် ဖြတ်ပြောလာတဲ့ ဦးရွှေဘကို မကြည်သလို တစ်ချက် ကြည့်လိုက်တယ်။ ပြီးမှ...

"ဟ....ဒီလို ပြောကြကြေးဆိုရင် ကျုပ်မှာ လည်း ဒီသားလေး တစ်ယောက် ပဲ ရှိတာဗျ...ကျုပ်လည်း ကျုပ်သားလေးကို မခွဲနိုင်ပေါင်....ဒီတော့ မြန်မာ့ရှေးရိုးအစဉ်အလာအတိုင်း ကျုပ်တို့အိမ်ကိုပဲ လိုက်နေရမှာ နော်..."

"ခင်ဗျား...ဒီလို တစ်ဖက်သက်ကြီး မပြောနဲ့ ကိုကျော်ထက်...သားသမီးချင်း

ကိုယ်ချင်းစာမှပေါ့ဗျ…”

“ဒါ….ထုံးစံလေ ကိုရွှေဘရဲ့ ….”

“…………….”

“…………..”

တစ်ယောက် တစ်ခွန်း ပြောဆိုမှု တွေ က အတော် Tempo မြင့်လာကြတယ်။ ဦးကျော်ထက် မျက်နှာကြီး ရဲလာသလို ဦးရွှေဘ မျက်နှာကြီးကလည်း မည်း လာနေပြီလေ။

ဒေါ်ပွင့်ဆန်းနဲ့ ဒေါ်အေးမိုးတို့ ကတော့ ဘာလုပ်လို့ ဘာကိုင်ရမယ် မသိတော့ အဖြစ်အပျက်က မထင်မှတ်။ ရာသီဥတုက ချက်ချင်း ဆိုးရွားလာတယ်။ မိုးမိုးတွေ ရွာလို့ရွာ…မိုးကြိုး မုန်တိုင်းတွေ တိုက်လိုတိုက်နဲ့ အတော် အခြေအနေဆိုးတယ်။

ဆန်းထက်နဲ့ ရွှေရင်အေးတို့ခမျာလည်း ဘာပြောလို့ပြောရမယ် မသိ။ ဖအေဖြစ်သူတွေ ကို တလှည့်စီကြည့်ရင်း မျက်လုံးကလေး အဝိုင်းသား….ပါးစပ်ကလေး အဟောင်းသားနဲ့ ငေးကြည့်ရုံပဲ တတ်နိုင်ပုံ ရတယ်။

“ဒါ….ထုံးစံပဲလေ…ကိုရွှေဘရဲ့ ..ရှင်ဘယ်လို ဖြစ်နေတာလဲ..အားနာစရာကြီး…”

မိန်းမ ဖြစ်တဲ့ ဒေါ်အေးမိုးက ခပ်တိုးတိုး ကပ်ပြောနေပေမယ့် ဦးရွှေဘက မရ။ သူပြောချင်တာကို ဆက်ပြောနေသည်။

ဒေါ်ပွင့်ဆန်းလည်း မနေသာတော့။ ယောကျ်ား ဖြစ်သူကို အသာနားချနေရရှာတယ်။

“ကိုကျော်ထက်ရဲ့ ….သူတို့က သမီးရှင်တွေ လိုက်လျှောလိုက်ပါရှင်….”

“သားရှင်တွေ သမီးရှင်တွေ လုပ်မနေနဲ့…ယောင်နောင်ဆံထုံး ပါရမှာ ပဲ…”

“ဒါဆိုလည်း ပြီးတာပဲလေ….ကျုပ်သမီးကို ကျုပ်အိမ်မှာ ပဲ ခေါ်ထားမယ်… ခင်ဗျားတို့ သားကိုတော့ ခင်ဗျားတို့ သဘောပဲ”

“ဖေဖေ…”

ဦးရွှေဘရဲ့ တစ်ချက်လွှတ်စကားကြောင့် ရွှေရင်အေး အထိတ်တလန့် ဖြစ်သွားသလို ဆန်းထက် တစ်ယောက် လည်း ရင်ဖိုလို့ သွားတယ်။

ဟုတ်တယ်လေဗျာ….။ ဒီလိုကြီးလုပ်လို့ ဖြစ်ပါ့မလားဗျ။ ကိုယ့်ဆရာတို့လည်း သိသားနဲ့ဟာကို..။

“ဒီလိုဆိုလည်း ရတယ်လေ… ကျုပ်သားကိုလည်း ကျုပ်အိမ်မှာ ပဲ….ခေါ်ထားမှာ ပေါ့ဗျ…. ဘာခက်တာ မှတ်လို့..”

“အဖေ…”

ဆန်းထက်က ဖအေ ဖြစ်သူကို တောင်းပန်သလို ကြည့်တော့ ဦးကျော်ထက်က…

“မင်း…အသာနေစမ်းပါ…” ဆိုတဲ့ အကြည့်ကြောင့် သက်ပြင်းရှည်ကြီးကို ချပစ်လိုက်ရတယ်။

“မသင့်တော်ပါဘူး.ကိုရွှေဘရယ်..”

“ဘယ် ဖြစ်မလဲ…ကို ကျော်ထက်ရယ်…”

မိန်းမ ဖြစ်သူတွေ က အမျိုး မျိုး ဖျောင့်ဖျကြပေမယ့် ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ ကတော့ လုံး၀ ဦးတည်ချက်ကို အပျက်မခံကြ။ တစ်ယောက် ကို တစ်ယောက် အလျှော့ပေးဖို့ လမ်းလည်း မမြင်ပါ။

ဆန်းထက်နဲ့ ရွှေရင်အေးတို့ နှစ် ယောက် လည်း တစ်ယောက် တစ်မျက်နှာ တစ်ယောက် ကြည့်ပြီး တဖြည်းဖြည်းနဲ့ မျက်နှာလေးတွေ က ဇီးရွက်လောက်ပဲ ကျန်တော့တယ် ထင်ပါရဲ့ ။

နောက်ဆုံးတော့ သူက အရဲစွန့်ပြီး ဝင်ပြောတော့မှ အခြေအနေလေးက လမ်းကြောင်းအမှန်ပေါ် ပြန်ရောက်လာတယ်။

"ဒီ…ဒီလို လုပ်ပါမလား…အဖေတို့…"

"ဟေ…"

ရွှေရင်အေး အပါအဝင် နှစ် ဖက်မိဘတွေ ကပါ ဆန်းထက်ကို အာရုံစိုက်ကြည့်နေကြတယ်။

"ပြောလေ…သား…ဘာပြောချင်လို့လဲ…"

ဦးကျော်ထက်က စကားလမ်းဖွင့်ပေးမှ သူ ခပ်ဖြည်းဖြည်းလေး ပြောပြလိုက်တယ်။။

"ဒီ…ဒီလိုပါ… သား….သားတို့ ဆန္ဒအတိုင်း နေချင်တဲ့အိမ်မှာ လိုက်နေလို့ မရဘူးလား…"

"ဟေ…"

"ဟမ်.."

သူ့အဆိုကြောင့် ဦးကျော်ထက်နဲ့ ဦးရွှေဘတို့ တွေ သွားကြတယ်။ ဒါကို အလစ်အငိုက် စောင့်နေတဲ့ သူမကပါ ဝင်ပိတ်ပေးလိုက် ပြန်တယ်။

"ဟုတ်တယ်နော်…ဖေဖေတို့ရယ်….သမီးတို့ ဆန္ဒအတိုင်း နေပါရစေနော်.."

အကွက်ဝင်လာပြီ ဖြစ်တဲ့ ဒေါ်ပွင့်ဆန်းနဲ့ ဒေါ်အေးမိုးတို့ကပါ ဝင်ပြောလာတော့ ဖအေနှစ် ယောက် အခက်တွေ့သွားကြတယ်။

" ဖြစ်သင့်ပါတယ်…ကို ရွှေဘရယ်..သမီးလေး နေချင်တဲ့ အိမ်လိုက်နေပါစေ…"

ဒေါ်အေးမိုးရဲ့ ခပ်တိုးတိုး အဆိုကို ဦးရွှေဘက ချောင်းတစ်ချက်ဟန့်ပြီး တုန့်ပြန်တယ်။

"အဟမ်း !"

"ကိုကျော်ထက်…သဘောတူပေးလိုက် တော့…"

ဒေါ်အေးမိုးစကားဆုံးတော့ ဦးကျော်ထက်က သား ဖြစ်သူကို ခပ်ပြုံး ပြုံး လေး စိုက်ကြည့်ကာ…

“ငါ့သားတို့ ဆန္ဒအတိုင်း အဖေ သဘောတူပေးမယ်.ဟုတ်ပြီလား…”

ဦးကျော်ထက် စကားဆုံးတော့ သူမက ဖအေ ဖြစ်သူ ဦးရွှေဘကို တစ်ခါ လှည့်မေးလိုက်ပြန်တယ်။

“ဖေဖေကရော…ဘယ်လိုလဲဟင်…”

“သဘော…သဘော…”

ဦးရွှေဘ ဘက်က တစ်ထစ်လျှော့ချလိုက်တော့မှ အားလုံး ရဲရဲအသက်ရှူရဲကြတယ်။

“ကဲ…သားနဲ့ သမီးလေးတို့က ဘယ်အိမ်မှာ လိုက်နေမှာ လဲ ပြောပါဦး…”

ဒေါ်ပွင့်ဆန်းအပြောကို ဒေါ်အေးမိုးကပါ ပြုံး ပြုံး ပြုံး ပြုံး နဲ့ ဝင်ထောက်ပေးတယ်။

“ဟုတ်တယ်…ဟုတ်တယ်…ပြောကြပါဦး…”

ဆန်းထက်က ရွှေရင်အေးကို “ပြောလိုက်လေ…” ဆိုတဲ့ သဘောနဲ့ မေးဆတ်ပြလိုက်တော့မှ သူမက ခေါင်းလေးငုံ့ပြီး ခပ်တိုးတိုးလေး ပြောလိုက်တယ်။

“သမီးတို့အိမ်ကိုပဲ…ဆန်းထက်ကို ခေါ်ခဲ့မှာ ပါ”

သူမ စကားဆုံးတော့ ဦးကျော်ထက်က သား ဖြစ်သူကို စားတော့ ဝါးတော့မတတ် စိုက်ကြည့်နေတယ်။ ဒါကို ဆရာသမားက စပ်ဖြဲဖြဲနဲ့ ပြန်ရယ်ပြနေသေးတယ်။

“ဒီလိုပဲ… ဖြစ်ရမှာ ပေါ့ သမီးရယ်…ဖေဖေ့သမီး အလိမ္မာလေးအကြောင်းကို ဖေဖေက သိပြီးသားပဲ့..ဟဲ…ဟဲ…ဟဲ”

သူမ ကတော့ ယောက္ခမတွေ ကို အားနာနေလို့လား မသိ။ ခေါင်းကို

ငံ့ထားတယ်။ မိန်းမတွေ ဖြစ်တဲ့ ဒေါ်အေးမိုးနဲ့ ဒေါ်ပွင့်ဆန်းတို့က ဘာမှ မ ဖြစ်ကြပေမယ့် ဦးရွှေဘရဲ့ မထီတထီ လေသံကြောင့် ဦးကျော်ထက် ကတော့ မျက်နှာကြီး ပုတ်သိုးနေရှာတယ်။

"ကဲ...ဒါဆိုလည်း သားတို့ သမီးတို့ ပစ္စည်းတွေ ပြင်ကြ ဆင်ကြတော့...ကား ကတော့...အဆင်သင့်ပဲ...ဟဲဟဲ..."

သူတို့တွေ ပြင်ဆင်ပြီး ဦးရွှေဘတို့အိမ်ကို လိုက်သွားမယ်လုပ်တော့ ဆန်းထက်က...

"အဖေ...."

"ဘာတုံးကွ....မ ဘက်လိုက်ပြီး မိုက်ဘက်ပါတဲ့ အကောင်..."

"ဟာ...အဖေကလဲဗျာ"

"အဖေကလဲတွေ ဘာတွေ လုပ်မနေနဲ့...မင်း သွားတော့..ငါ့ ရှေ့ကနေ ချက်ချင်း ထွက်သွားတော့....မင်း မျက်နှာကို ငါမကြည့်ချင်တော့သလို ငါ့မျက်နှာကိုလည်း မင်း မကြည့်ချင်နဲ့တော့...ပြီးတော့ ငါ့မျက်နှာကိုလည်း ငါ မကြည့်ချင်တော့ဘူး...." ဆိုပြီး ဦးကျော်ထက်က ငိုက်စိုက်ငိုက်စိုက်နဲ့ ထွက်သွားတယ်။

မအေ ဖြစ်သူ ကတော့ သားးကို ယောက္ခမအိမ်မှာ လိမ်လိမ်မာမာနေဖို့ မှာ သွားတယ်။ ဆန်းထက် ကတော့ သူ့အဖေ စကားတွေ ကို တွေ းမိပြီး တစ်ယောက် တည်း ပြုံး ပြုံး ကြီး လုပ်ရင်း ကားပေါ် တက် သွားပါလေတော့တယ်။

*

## ကြားဖြတ်တင်ဆက်မှု (၈)

အဲသလိုနဲ့...မောင်ဆန်းထက် တစ်ယောက် ဆံထုံးနောက်ကို ယောင်ပါပြီးတဲ့နောက် ဇာတ်လမ်းက တစ်စခန်းထ လာပြန်တယ်။

ပြဿ နာက ဘောလုံးရူး ဆန်းထက်ဘက်က တွေးရင် "ယောက္ခမအိမ်သားမက် မျက်နှာငယ်" အ ဖြစ်ပေါ့ဗျာ။

ဟော....ယောက္ခထီး ဖြစ်တဲ့ ဦးရွှေဘဘက်က တွေ့ပြန်တော့ "သမီးလည်း ကြွေးရသေး...အဲ...သမီးလည်း ပေးရသေး တင်လည်း ကြွေးထားရသေး" ဆိုတဲ့ အ ဖြစ်။

ဦးရွှေဘ တစ်ယောက် ဆန်းထက်ကို တယ်မကြည်လှပါဘူး။ ဆန်းထက်ကို မကြည်ဘူးဆိုတာထက် ဦးကျော်ထက်ရဲ့ သား ဖြစ်နေလို့ကို အမြင်က မရှင်းမရှင်း ဖြစ်နေတာပါ။ အဆိုတော် 'ချစ်ကောင်း' ရဲ့ စာသားတစ်ချို့ ကို ခပ်တည်တည် ယူသုံးပြရရင် ဆန်းထက်ဆိုတဲ့ အကောင် ဒီအိမ်မှာ ရှိနေတာကိုက သူ့အတွက် ခိုးလိုးခုလုတွေ ဖြစ်ပြီး စိတ်ကသိကအောက် ဖြစ်နေရတာ ။

ရန်သူရဲ့ သားကိုမှ သားမက်တော် ပြီ တင်ကြွေးထားရတဲ့ အ ဖြစ်ကိုဗျ....။

ဆန်းထက်ဘက်ကလည်း ရှင်းတယ်..။ သူမယားသူ ကြင်ကြင်နာနာ ထားတယ်။ သူ့အလုပ်သူ ပီပီပြင်ပြင် လုပ်ရတယ်။ ဒီအိမ် (ယောက္ခအိမ်) မှာ က သူ့အတွက် ပိုအဆင်ပြေတာကို ခင်ဗျ။ အဆင်ပြေဆို ဒီအိမ်မှာ က နိုင်ငံခြားဘောလုံးပွဲစဉ်တွေ အားလုံးကို ဖမ်းယူကြည့်ရှုနိုင်တဲ့ စလောင်းရှိတာကိုးဗျ။ ဒီအချက်ကလည်း သူ့အတွက် 'ရွှေ' ပဲလေ။

သူ့အိမ်မှာ က အစတုန်း ကတော့ စလောင်းရှိတယ်။ သူ့အမေ ဒေါ်ပွင့်ဆန်းက သူ့အဖေ ဦးကျော်ထက်ကို အမြင်ကတ်ကတ်နဲ့ စလောင်းကြီးကို ရတဲ့ဈေးနဲ့ ရောင်းပစ်လိုက်တယ်ဆိုပဲ။ တစ်နေ့ တစ်နေ့ ဒီဘောပွဲတွေ နဲ့ အချိန်ကုန်နေတဲ့ ယောက်ျားကို ကောင်းကောင်း ပညာပြလိုက်တဲ့ သဘောပေါ့ဗျာ။

အဲဒီ တော့...သူ့အတွက် ထိခိုက်တာပေါ့။ သူ့ခမျာ ဘောလုံးပွဲတွေ ကြည့်ချင်ရင် လမ်းထိပ်က လှက်ရည်ဆိုင်ကို ပြေးချင်ပြေး။ ဒါမှမဟုတ် ဖိုးလုံးတို့ အိမ်ကို ဒိုးချင်ဒိုးပဲ...။ ဟော...အခုတော့ အားလုံး အဆင်ပြေသွားပြီမို့လား။

ခက်တာက ဦးရွှေဘ။ အလကားနေရင်း သူ့ကို အမြင်မကြည် ဖြစ်နေတဲ့ အဖြစ်ပဲ။ မိန်းမနဲ့ ယောက္ခထီးကြား...ယောက်ျားနဲ့ ဖအေကြား....သမီးနဲ့ သမက်ကြား.စတဲ့ ကြားသုံးကြားထဲကို ဝင်ရောက် ခံစားကြည့်ကြပါဦးစို့...။

*

ဘာကာမန်ယူ

အကြံတူ...၊

အာဆင်နယ်ပွဲ

သေချာနွှဲ...၊

အင်တာ မန်ယူ

ကြံုတာယူ....၊

ချဲလ်ဆီး လီဗာပူးလ်

ဒိုင်တွေ ဆူ...၊

မန်ယူ ချဲလ်ဆီး

အပြတ်တီး...၊

အေစီ ဘာကာ

အိမ်ရှင် အသာ....၊

စနေ မန်ချက်

စီးပွားတက်...၊

မန်ယူ တနင်္ဂနွေ

အပြင်းပြေ...၊

မန်ယူ ချဲလ်ဆီး

ဒိုင်နှာစီး....။ ။

*

## ပွဲစဉ် (၁၁)

“ဟဲ....သမီးလေး မအိပ်သေးဘူးလား၊ ဘယ်အချိန်ရှိပြီလဲ ကြည့်စမ်း”

ရုတ်တရက် ဦးရွှေဘအသံကြောင့် သူမ လန့်သွားလို သူလည်း အတော် စိတ်ပျက်သွားတယ်။

“ဟုတ်...သမီး အိပ်လို့မရတာ နဲ့ ဘာစီလိုနာပွဲ လာကြည့်နေတာ... ဒါ....ချန်ပီယံလိဂ် ကွာတား ဖိုင်နယ်ပွဲတွေ တဲ့...ပြီးတော့ ဒါ ဒုတိယအကျော့တဲ့...ဖေဖေရော... အိပ်မပျော်ဘူးလား... လာကြည့်လှည့်လေ...အရမ်းကောင်းတာ ဖေဖေရဲ့ ”

သူမက ဆန်းထက် ပြောပြထားတဲ့ အကြောင်းအရာတချို့ ကို ဖအေ ဖြစ်သူကို ကြုံတုန်း ဖောက်သည်ချပြနေသေးတယ်။ ဒါကို ဦးရွှေဘက မျက်နှာထားတင်းတင်းနဲ့....

“ဘာကိစ္စ ကြည့်ရမှာ လဲ...စိတ်မဝင်စားဘူး...သွား...အခု အိပ်ချည် အချိန်က လူတွေ အိပ်ချိန် ရောက်နေပြီ သိရဲ့ လား...အလုပ်မဟုတ်တာ လုပ်မနေနဲ့ ကိုယ်က မပေါ့မပါးကြီးနဲ့ဟာကို ဘာမှကို သိတတ်မှု မရှိဘူး”

ဦးရွှေဘက သမီးကို ဆုံးမသလိုလိုနဲ့ သားမက် ဖြစ်သူကိုပါ ရောကနပ်ပစ်လိုက်တယ်။ ဒီအကြောကို နပ်ပြီးသားသူကလည်း လှုလှုပပပဲ တန်ပြန်

တိုက်စစ်ဆင်ပစ်လိုက်တယ်။

"ဟာ...တော် တော် အသုံးမကျတဲ့အကောင်...အသက်ကြီးပြီး အချိန်မစီးတဲ့ကောင်..."

"ဘာကွ...."

"Max...ဟာ...မဟုတ်ဘူး...အဖေ... ကန်တော့...ကန်တော့..."

ဆန်းထက် ကန်ချက်က အတော် ပြင်းပုံရတယ်။ ဦးရွှေဘ တစ်ယောက် တစ်ခါတည်း ရှူး ရှူး ရှဲရှဲကို ဖြစ်ရော။

ဒါပေမယ့် ဆန်းထက် အကြောင်း သိတယ်မို့လား... ဆရာသမားက မှင်သေသေနဲ့...။

"မဟုတ်ဘူး...ကျွန်တော် ပြောတာက...ဘောလုံးပွဲထဲက ရော်နယ်ဒင်ဟိုကို ပြောတာ....ဂိုးသမားနဲ့ တစ်ယောက် ချင်း တွေ့တာတောင် ဂိုးမရှူး နိုင်ဘူးလေ....ဟဲဟဲ...Max လို့ ....အော်တာ ကတော့ အကျင့်ပါနေလို့ပါ...အဖေရယ်....ဟဲဟဲ..ကန်တော့နော်...ကန်တော့"

မချိုမချဉ် မျက်နှာဘေးနဲ့ လက်အုပ်ကလေးချီပြီး တောင်းပန်နေတဲ့ သားမက် ဖြစ်သူကို ကြည့်ပြီး ဦးရွှေဘ တစ်ယောက် ဒေါသထွက်ရခက် ကြေအေးပေးရခက် ဖြစ်နေတယ်။

"ကဲပါ...အဖေရယ်...သမီး သွားအိပ်ပါတော့မယ်...ဖေဖေရော အချိန်မတော် ကြီး ဘာလို့ ထလာရတာ လဲ"

"ဖေဖေက အပေါ့အပါး ထလာတာ..အဲဒါ သမီးတို့ကို တွေ့လို့ ဝင်ပြောတာ...သွား သွား...ကိုယ်က ကိုယ်ဝန်ကြီးနဲ့ ...အိပ်ရေး ပျက်ခံလို့ ကောင်းတာမဟုတ်ဘူး...တော် ကြာ... ဘောလုံးပွဲ ကြည့်ပြီး မွေးလာတဲ့ ငါ့မြေးလေးက ဟိုမရောက် ဒီမရောက်နဲ့ ဂေါက်တောက်တောက်ကလေး ထွက်လာဦးမယ်..."

ဦးရွှေဘကလည်း မကြားဟန်ဆောင်ပြီး ဘောလုံးပွဲကို စိတ်ဝင်စားဟန်

ဆောင်နေတယ်။ နောက်ဖေးဘက်ကို ဦးရွှေဘ ထွက်သွားတော့မှ...

"ထွက်...ထွက်...အဲ့ဒီကောင် ထွက်တာပဲ ကောင်းတယ်" ဟု ခပ်တည်တည်နဲ့ ထအော်တယ်။

ဦးရွှေဘ ခြေလှမ်းတွေ ရပ်တည့်သွားပြီး TV ဖန်သားပြင်ကို ကြည့်တော့ ဆရာသမားက တကယ့်ကို TV ဖန်သားပြင်ပေါ်တွင် စိတ်ဝင်တစား။ ဘာကိုမှ ဂရုစိုက်မိပုံလည်း မပေါ်။

ဒါနဲ့ ဦးရွှေဘလည်း ဘာမှ အရစ်ဆက်ရှည်မနေတော့ဘဲ အခန်းတံခါးကို 'ဖြောင်း' ကနဲနေအောင် ဆောင့်ပိတ်ပြီး ထွက်သွားတယ်။

ဟုတ်တယ်လေ....။ ဒီကောင်ကို ဆက်ပြောနေရင်လည်း ဘောပွဲထဲက ဘယ်သူ့ကို ပြောတာပါ... ဘာညာဆိုပြီး လာဦးမှာ မဟုတ်လား။

ဆန်းထက် ကတော့ ယောက္ခထီး ဦးရွှေဘ ဖြစ်ပုံကို ကြိတ်ပြီး ရယ်နေလိုက်သေးတယ်။ ခဏနေတော့ ဘယ်ဘက်အသင်းက ဂိုးတယ်မသိ မောင်ဆန်းထက် တစ်ယောက် ထအော်ပါလေတော့တယ်။

"GOAL!"

*

## ပွဲစဉ်(၁၂)

"ပွင့်ဆန်းရေ..ငါတို့ သားလေးနဲ့လည်း မတွေ့ရတာ ကြာပြီ....အဆင်မှပြေရဲ့ လား..ဘာလား... သွားကြည့်ကြရအောင်ကွာ"

"အမလေး....ကိုကျော်ထက်ရယ်...ဘာများ က အဆင်မပြေစရာ

အကြောင်းရှိလို့လဲ.... တော့် သားက လူချစ်လူခင်အောင် နေတတ်...ပြောတတ် ဆိုတတ်ပါ”

“မင်း မသိပါဘူး မိန်းမရာ....ငါတို့ ချွေးမလေးမှာ လည်း ကိုယ်ဝန်ရနေပြီမို့လား....အကျိုး အကြောင်းလေး ဘာလေး သွားမေးကြတာပေါ့ကွာ”

“တော် သွားချင်ရင် သွားချင်တယ် ပြောစမ်းပါ...ကို ကျော်ထက်ရယ်”

ဒီလိုနဲ့ ဦးကျော်ထက်တို့ လင်မယား ဦးရွှေဘတို့အိမ်ကို အလည်အပတ် ရောက်လာပါတော့တယ်။

“အဟယ်...အပွင့်...လာလာ...ကိုကျော်ထက်ရောပါလား..ဘာလဲ သားလေးကို လွမ်းလို့ ဆိုပါတော့..”

“မဟုတ်ပါဘူး အမိုးရယ်...ချွေးမလေး မိုက်ကို လာကြည့်တာပါ..”

ဧည့်ခန်းထဲမှာ အခန့်သားထိုင်နေတဲ့ ဦးရွှေဘက အမြင်ဟန်ဆောင်ပြီး ဂျာနယ်ကြီးနဲ့ ကွယ်ထားတယ်။ ဒေါ်အေးမိုး ကတော့ သားနဲ့သမီးကို လှမ်းခေါ်နေရင်းမှ ဦးကျော်ထက်တို့ လင်မယားကို နေရာထိုင်ခင်းပေးတယ်။

“ကဲ....အပူလား...အအေးလား ပွင့်...ကိုကျော်ထက် ကတော့ Super ပဲ မို့လား”

ဦးရွှေဘက ဇနီး ဖြစ်သူကို တစ်ချက် စိုက်ကြည့်လိုက်သည်။ ဒေါ်အေးမိုး ကတော့ သတိမထားမိလိုက်။

“နေပါစေ...ဒုက္ခရှာလို့...”

“ဘယ်ဟုတ်ပါ့မလဲ....ဆွေမျိုး တွေ ပဲဟာကို ဘာအားနာစရာ လိုလို့လဲ...အပွင့်ရဲ့ ....”

ဦးကျော်ထက် ကတော့ ပြုံး ရုံလေး ပြုံး ပြပြီး အိမ်ထဲကို အကဲခတ် ကြည့်နေတယ်။ ဒီအချိန်မှာ ပဲ ချွေးမ ဖြစ်တဲ့ ရွှေရင်အေးက မိုက်ကလေး မပူတပူနဲ့ ထွက်လာတယ်။

"ဟယ်....ဖေဖေနဲ့ မေမေပါလား...ဘယ်က လှည့်လာတာလဲ"

"ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး သမီးရယ် ဒီကိုပဲ တမင် သက်သက် လာခဲ့တာပါ"

"ဒါနဲ့ သမီးလေး ဗိုက်က ဘယ်လောက် ရှိသွားပြီလဲ"

"ရှစ်လ ရှိပါပြီ ဖေဖေ"

"ဟေ..."

ချွေးမ ဖြစ်သူ စကားကြောင့် ဦးကျော်ထက် အတော် အံ့အားသင့်သွားတယ်။

"ဟုတ်လို့လား သမီးရယ်...ရှစ်လဗိုက်က သိပ်မပူပဲ့လား"

"ဟဲ့...ကိုကျော်ထက် ကလေးကို ဘာတွေ လျှောက်ပြောနေတာလဲ...ဒါ အပျို ဗိုက်ကိုရှင့်.... ဒီလောက်ပဲ ရှိမှာ ပေါ့"

ရွှေရင်အေး ကတော့ ယောက္ခမ ဖြစ်တဲ့ ဦးကျော်ထက်နဲ့ ဒေါ်ပွင့်ဆန်းတို့ကို ကြည့်ပြီး တသိမ့်သိမ့် ရယ်နေတယ်။

အခုမှပဲ တစ်ချိန်လုံး ငြိမ်သက်နေတဲ့ ဦးရွှေဘက ချောင်းတစ်ချက်နဲ့အတူ စကားစလာတယ်။

"အဟမ်း...ဩော်...ဒါနဲ့ သမီး....မောင်ဆန်းထက်ရော...မမြင်ပါလားကွဲ့..."

"နောက်က လာလိမ့်မယ် ဖေဖေ...မျက်နှာသစ်နေတာနဲ့ တူတယ်..."

"အဲဒါ ခက်တာပေါ့...ကိုယ်က အိမ်ထောင်ဦးစီး ယောကျ်ားသား ဖြစ်ပြီးတော့ မကြာမီမှာ ပဲ...ကလေးတစ်ယောက် အဖေ ဖြစ်တော့မယ်။ ဒါကိုပဲ...အခုထိ ဘောလုံးပွဲလေး ကြည့်လိုက်...ဂျာနယ်လေး ဖတ်လိုက် လုပ်တုန်း"

ဦးရွှေဘစကားကို ဘာကိုဆိုလိုတယ်ဆိုတာ အားလုံးက သိတာပေါ့။ ဒေါ်ပွင့်ဆန်း ကတော့ ဘာမှဝင်မပြောပဲ ပြုံး ရှုံပြုံး နေတယ်။ သမီး ဖြစ်သူ ကတော့

ဦးရွှေဘကို ဆက်မပြောတော့ဖို့ မျက်နှာရိပ် မျက်နှာကဲ ပြတယ်။ ဦးရွှေဘ ကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ပုံမပေါ်။

ပြောရင်းဆိုရင်း ဧည့်သည်တွေ အတွက် စားစရာ သောက်စရာ သွားလုပ်နေတဲ့ ဒေါ်အေးမိုးနဲ့အတူ ရေ့ဆင့်နောက်ဆင့် ဆိုသလို ဆန်းထက်ပါ စပ်ဖြဲဖြဲနဲ့ ထွက်လာတယ်။

"မင်းမလဲ...ညညဆို ညဥ့်နက်သန်းခေါင် အထိ ဘောလုံးပွဲတွေ ကြည့်....မနက်ကျ မထနိုင်....နောက်ပြီး ကိုယ့်မိန်းမက ကိုယ်ဝန်ကြီးနဲ့....ဒါကိုပဲ အရည်မရ အဖတ်မရ လုပ်နေတာပဲ...ခက်တယ်ကွာ"

"ဩော်..ကိုရွှေဘရယ်...သားလေးက သူ့ဝါသနာနဲ့သူဟာကို...သူများ ယောကျ်ားတွေ လို မူးရူးသောက်စား မနေတာပဲ ကျေးဇူးတင်ဖို့ ကောင်းနေပြီ"

ဖာဖာထေးထေး ဝင်ပြောနေတဲ့ ဇနီးသည်ကို ဦးရွှေဘက 'ရှည်ရန်ကော' ဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။ ဘာမှတော့ ထပ်မပြော။

"ငါ့သားကြီး...ဘယ်လိုလဲကွ....ညက ရီးရဲလ်ပွဲ "

"ဟာ...အဖေရာ..ဘာပြောကောင်းမလဲ..ကာကာနဲ့ အိုဇေးတို့ အတွဲ ကို ဟိုကောင်တွေ ဘာမှကို မတတ်နိုင်ဘူး....ဖိုးဇီးနဲ့ ပြီးသွားတာ...ကာကာ နှစ် လုံး...ဒိုလေး နှစ် လုံး ရှူး ထားတာ"

"အင်း....အဖေ့အမြင် ပြောရရင်...မန်ယူ ကတော့ ဒိုလေးကို ပေါင်သန်း (၈၀) နဲ့ ဝယ်လိုက်တာ ရီးရဲလ်အတွက် မှန်တယ်လို့ ပြောရမှာ ပဲ "

"မန်ယူမှာ တော့ တိုက်စစ်ပျော့သွားတာပေါ့ အဖေရာ...ရွှန်းနီနဲ့ ဘာကာကိုပဲ အားကိုးနေရတာ "

ဦးကျော်ထက်က တမင် ဘောလုံးပွဲတွေ အကြောင်း လိုမ့်ပြောနေလိုက်တယ်။ အတွဲ ညီလွန်းလှတဲ့ ဆန်းထက်ကလည်း တက်တက်ကြွကြွပါပဲ။

ဒေါ်ပွင့်ဆန်း ကတော့ အားနာသလို အကြည့်မျိုး နဲ့ ဒေါ်အေးမိုးကို ပြုံး ပြတယ်။

ရွှေရင်အေးက ယောကျာ်း ဖြစ်သူကို လက်တို့တယ်။ ဒါပေမယ့် မရပါဘူး။ ဆန်းထက်တော့ ဆက်လက်ဆွေးနွေး မြဲပါ။

"ဒီနှစ် ရွှေဖိနပ်ဆုနဲ့ ဥရောပ အကောင်းဆုံးဆုကို ဒိုလေးပဲ ရလိမ့်မယ် ဖေဖေ"

"ဒါပေါ့..ဒီကောင်က ပင်ကိုယ်အရည်အချင်း ရှိတာကို ဒါပေမယ့် မက်ဆီကလည်း မခေဘူးနော်"

"ကဲကဲ...ဒီသားအဖတွေ ....ဘောလုံးပွဲအကြောင်းပဲ ပြောတော့မှာ လား... သားကလည်း ကိုယ်က လူပျိုလူလွတ်ကလေး မဟုတ်တော့ဘူးလေ....အလုပ်ကလေး ဘာလေး..."

ထိန်းထိန်းသိမ်းသိမ်း စကားဆိုလာတဲ့ ဒေါ်ပွင့်ဆန်း စကားမဆုံးခင် ဦးရွှေဘက ဖြတ်ပြောလိုက်တယ်။

"မောင်ဆန်းထက်ကို ကျွန်တော့် သူငယ်ချင်း တစ်ယောက် ရဲ့ Company မှာ လုပ်ဖို့ ပြောပါသေးတယ်...ဒါပေမယ့်..."

တစ်ခါ စကားမဆုံးခင် ဦးကျော်ထက်က ဖြတ်ပြောလိုက်ပြန်တယ်။

"ဟုတ်တယ်....ကျွန်တော့် သားက ဘောလုံးကလွဲရင် ဘာမှကို စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူးရယ်..ဟိုဟာ...ကိုရွှေဘတို့ အနေနဲ့ ကျွန်တော့် သားနဲ့ ချွေးမကို ကျွေးမထားနိုင်ရင် ကျွန်တော် ခေါ်သွားလိုက်မယ်လေ..."

သာသာနဲ့နာနာ နပ်လိုက်တဲ့ ဦးကျော်ထက်စကားက အတော် တာသွားပုံ ရတယ်။ ဦးရွှေဘမျက်နှာ အတော် ပျက်သွားတယ်။

"ဒီမှာ ကိုကျော်ထက် စကားကို ဆင်ဆင်ခြင်ခြင် ပြောပါဗျ....ကျုပ်က တင်မကျွေးနိုင်လို့ ပြောနေတာ မဟုတ်ဘူးဗျ။ အိမ်ထောင်ဦးစီး ယောကျာ်း တစ်ယောက် အနေနဲ့ လူရှိသေ ရှင်ရှိသေ...အလုပ်ကလေး တစ်ခုခုတော့ ရှိနေရမယ်လေဗျာ"

"ကဲပါ....တော် ကြပါတော့....ကိုရွှေဘ..ရှင်ကလည်း တော် တော်

ရှည်တယ်....ကလေးတွေ က ငယ်ပါသေးတယ်တော် ”

“အေးအေး အဲ့ဒီ ငယ်ပါသေးတယ်ဆိုတဲ့ မင်းသမီးက ကလေးမွေးတော့မယ်လေ”

“အို....ဒါ ကတော့”

ဦးရွှေဘရဲ့ စကားကြောင့် ဒေါ်အေးမိုး ပါးစပ်ပိတ်သွားတယ်။ ရွှေရင်အေး ကတော့ ကျောက်ရုပ်တစ်ရုပ်လိုပဲ ငြိမ်သက်နေတယ်။ ဒေါ်ပွင့်ဆန်း ကတော့ သား ဖြစ်သူကို အလုပ်တစ်ခုခု လုပ်ခိုင်းဖို့အတွက် လေပြေထိုးနေလေရဲ့။ ဦးကျော်ထက် ကတော့ ထုံးစံအတိုင်း သား ဖြစ်သူကို မြှော က်ထိုးပင့်ကော်နဲ့ သွေးထိုးနေပြန်တယ်။

“သား....ဘာမှ အားငယ်စရာ မလိုဘူးနော်...သား မနေချင်တော့တဲ့နေ့ အဖေ့အိမ်ကိုသာ ဆင်းလာခဲ့”

“အဟွန်း...”

ဦးရွှေဘက ဦးကျော်ထက် စကားကြောင့် လုပ်ချောင်းတစ်ခု ဖန်တီးလိုက်ပြီး တစ်ဖက်ကို မျက်နှာလွှဲသွားတယ်။

“သြော်...ကိုကျော်ထက်....ရှင် ဘယ်လို ဖြစ်တောလဲ....ကလေးတွေ ကြားထဲကို”

ဒေါ်ပွင့်ဆန်းက တိုးတိုးတိတ်တိတ် ဝင်တားပေမယ့် ဦးကျော်ထက် ကတော့...

“သား...အဖေပြောတာတွေ မမေ့နဲ့နော်...သမီးလေး အဖေတို့ ပြန်ဦးမယ်နော်...” ဆိုပြီး ပြန်ဖို့ ပြင်တယ်။

လင်မယားနှစ် ယောက် က ခေါင်းညိတ်ပြတော့ ဒေါ်အေးမိုးက...

“သြော်...ပြန်ကြတော့မလို့လား....ဘာမှလည်း စားမသွားကြဘူး”

“နောက်မှပေါ့...အမိုးရယ်...အခုတော့ ပြန်လိုက်ဦးမယ်....အမိုးတို့ လင်မယားလည်း ကြုံရင်လာခဲ့ကြဦးလေ”

"လာခဲ့မှာ ပေါ့...ဟင်း...ဟင်း...ဟင်း"

ဒေါ်အေးမိုးက ဒေါ်ပွင့်ဆန်းကို စကားတပြောပြောနဲ့ အိမ်ဝအထိ လိုက်ပို့ပေးတယ်။ ဦးရွှေဘက ရှုတည်တည်နဲ့

"ကျုပ် ကတော့ ခင်ဗျားတို့လို မအားဘူးဗျ" ဆိုပြီး ရိလိုက်သေးတယ်။ ဦးကျော်ထက်ကလည်း မခံ၊ ခပ်တည်တည်နဲ့ ပြန်ပြောခဲ့လေတော့ ဦးရွှေဘခမျာ "တက်"တချက် ခပ်ပြင်းပြင်းခေါက်ရင်း ကျန်ခဲ့လေတော့တယ်။

"ကောင်းတာပေါ့ဗျာ...ကျုပ်တို့ ကတော့ အေးအေးဆေးဆေး ပေါ့လေ....ဟဲဟဲ"

"တောက် !...ကွာ..."

*

# ကြားဖြတ်တင်ဆက်မှု (၉)

ဒီလိုအခြေအနေတွေ ကြားမှာ ဦးရွှေဘက ကစားကွက်ကို ပြောင်းပစ်လိုက်တယ်။ သားမက် ဖြစ်သူကို ဘာမှမပြောတော့ဘဲ သမီး ဖြစ်သူကို ဖိဖိပြောတော့တယ်။ မိဘပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည ဆိုတဲ့ စကားကို ဦးရွှေဘက ယုံကြည်တာလားလည်း မသိ။

ရွှေရင်အေးခမျာလည်း ဖအေက တစ်မျိုး ၊ ယောကျ်ားတစ်မျိုး နဲ့ ကြားထဲကနေ စိတ်ညစ်လှပြီ။ ဖအေကို အပြစ်မဆိုသာသလို ယောကျ်ားကိုလည်း မပြောရက် ဖြစ်နေရတယ်။

ဒေါ်အေးမိုး ကတော့ ရှင်းတယ်။ ဘယ်သူ့ကိုမှလည်း ဘာမှမပြောဘူး။ သူ့ဖာသာ အေးအေးဆေးဆေးပဲ နေတယ်။ ကြားနေ ဝါဒကို ကျင့်သုံးနေတယ် ဆိုတော့ဗျာ...။

ဒါတောင် သူ့ခမျာ ဟိုတလောက ဦးကျော်ထက်တို့ လင်မယားကို ဧည့်ခံတော့

'ကိုကျော်ထက် ကတော့ Super ပလိန်းပဲ မို့လား' ဆိုတဲ့ စကားကြောင့် ဦးရွှေဘ ရစ်တာကို အတော် ခံလိုက်ရသေးတယ်။

"အဆက်ဟောင်းရဲ့ အကြိုက်ကို အခုထိ မမေ့နိုင်သေးဘူးပေါ့"

"ရည်းစားဦးဆိုတော့လည်း မြေးဦးရတောင် ဘယ်မေ့နိုင်ပါ့မလဲ"

"..............."

စတဲ့ စတဲ့...အဓိပ္ပာယ်မရှိတဲ့ ဝါကျတွေ နဲ့ပေါ့။

"အချစ်" ဆိုတဲ့အရာက တကယ်ပဲ အသက်အရွယ်နဲ့ လုံးဝ မပတ်သက်ဘူးနော်။ ကိုယ့်ချစ်သူ တစ်ယောက် ဟာ တခြား ယောကျ်ား တစ်ယောက် ကို ပြုံး ပြတာတောင် လက်မခံနိုင်ဘူးဆိုတာ ဟုတ်လောက်တယ်ဗျနော်။ ကဲပါ....ဒါတွေ က ထားပါတော့....။

ဆန်းထက် ကတော့ ဘယ်သူ့အားကိုးနဲ့ မိုက်နေတယ် မသိ။ ထုံးစံအတိုင်းပါပဲ။ အမယ်....ကိုယ့်ဆရာက ပရီးမီးယားပွဲတွေ ချန်ပီယံပွဲတွေ နဲ့တင် အားမရလို့ ထင်တယ်။ သူ့အိမ်က P 2-Game စက်တောင် ယူပြီးဆော့နေလိုက်သေးတယ်။

ဒီတော့ကာ...ဦးရွှေဘအမြင်မှာ သူ့ရဲ့ ရွှေသားမက်၊ ငွေသမက်၊ ပတ္တမြားသမက်ကလေး မောင်မောင်ဆန်းထက်ကို ရင်ထဲမှာ ချစ်မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပြည့်နှက်ပြီး သကာလ...။

*

## ပွဲစဉ် (၁၃)

ဖအေရဲ့ ဖိအားတွေ နဲ့အတူ သူမက စကားစတယ်။

ဒီကနေ့က သော ကြာနေ့ည ဖြစ်တဲ့အတွက် ဘာပွဲမှ ရှိပုံမပေါ်ပါဘူး။ ဒါကြောင့်

လည်း အိပ်ယာထက်မှာ လင်မယားနှစ် ယောက် ကလူကျီစယ် တွေ့နေရတာ ပေါ့။ မဟုတ်လို့ ကတော့ ဒီအချိန် ဒီလိုနေရာမျိုး မှာ ဆန်းထက်ကို ဘယ်တွေ့ရမလဲ။

တစ်နေ့တစ်ခြား မဆိုစလောက်လေး ပူထွက်လာတဲ့ သူမ ဗိုက်ကလေးကို ပွတ်ပြီး ဆန်းထက်က သူမ ပြောတာတွေ ကို နားစွင့်နေတယ်။

"အခုဆို...အေးကလည်း မွေးတော့မှာ မို့လား...ဒီကလေးရဲ့ အနာဂတ်အတွက် အေးတို့ဘက်က အစစအရာရာ ပြင်ဆင်ထားသင့်တယ်လေ"

"ကိုယ် ပြင်ဆင်ထားပြီးသားပါ အေးရယ်..."

ယောကျ်ားပါးစပ်ကနေ ဒီလို စကားမျိုး လေးကြားလိုက်ရတော့ သူမ အတော် အားရှိသွားတယ်။ ပျော်လည်း ပျော်နေမိတယ်။ တစ်ဆက်တည်းမှာ "ငါ့ယောကျ်ားက ဒီလိုတော့လည်း ဘယ်ဆိုးလို့လဲ.." ဟု တွေ းနေမိသေးသည်။

"အေးတို့ ရင်သွေးလေးအတွက် ဘာတွေ များ စဉ်းစားထားလဲဟင်..."

အားတက်သရော မေးလာတဲ့ သူမကို ဆန်းထက်က အချိုမြဆုံး အပြုံး တစ်ပွင့်နဲ့အတူ အနမ်းတစ်ပွင့် ခြွေပေးလိုက် ပြီး

"အရင်ဆုံး ကိုယ်စဉ်းစားမိတာက..."

"အင်း...ဘာလဲပြော..."

သူမ မျက်ဝန်းတွေ အရောင် တွေ လက်လာတယ်။ အမြဲတမ်း အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လာတတ်တဲ့ ယောကျ်ားစကားကိုလည်း နားစွင့်ထားလိုက်တယ်။

"ကိုယ်အရင်ဆုံး စဉ်းစားမိတာက...အေးရဲ့ ဗိုက်ထဲက ဒီကလေးလေးဟာ ယောကျ်ားလေးပဲ ဖြစ်ရမယ်"

"..........."

"အဲ...ကိုယ်နဲ့အေးတို့ရဲ့ သားလေး လူ့လောကထဲကို

ရောက်လာပြီဆိုတာနဲ့....ပထမဆုံးအနေနဲ့ နာမည် ပေးဖို့ လိုလာပြီ မို့လား....အဲဒီ အတွက် ကိုယ် စဉ်းစားပြီးသွားပြီ”

“ပြောပါဦး ကိုယ်ရဲ့ ”

“ကိုယ်တို့ရဲ့ သားဦးလေးကို....မက်ဆီဒိုလို့ နာမည် ပေးဖို့ စဉ်းစားထားတယ်ကွ... ဟဲဟဲ..”

“ဘယ်လို...”

အဟုတ်မှတ်ပြီး နားထောင်နေမိတဲ့ သူမကိုယ်သူမ အပြစ်တင်ရမလို ဖြစ်နေတယ်။ ကြည့်ဦးလေ...။ ဆန်းထက်ရဲ့ ရည်ရွယ်ချက် ကြီးမားပုံများ ဆို....။

“ဘာ ဖြစ်လို့လဲ အေးရဲ့ ....နာမည် လေးက မလှဘူးလား...ဒါမှ ငါ့သားလေး ကြီးလာရင် မက်ဆီနဲ့ ဒိုလေးတို့လို ဘောလုံးပညာမှာ ပင်ကိုယ်ထူးချွန်လာမှာ ...ပြီးရင် ငါ့သားကို ရန်ကုန်ယူနိုက်တက်အသင်းမှာ အထောင်တိုက်စစ်မှူး နေရာမှာ ကစားနိုင်အောင် ကြိုး စားခိုင်းမယ်....အိုကွာ... ဖြစ်နိုင်ရင် ဆန်းထက် F.C ဆိုပြီး Class အသစ်တစ်သင်း ထူထောင်နိုင်အောင် ကြိုး စားမယ်...ကိုယ် ကတော့ ဖာဂူဆန်ပေါ့ကွာ...ဟဲဟဲ...ဟဲ”

သူ့ဖာသာပြောပြီး သူ့ဖာသာ သဘောကျနေတဲ့ ဆန်းထက်ကို ကြည့်ပြီး သူမ အတော် လေသွားတယ်။ ဂိုးသမားနဲ့ တစ်ယောက် ချင်း တွေ့ပါရဲ့ နဲ့ ဂိုးဝင်အောင် မသွင်းနိုင်ခဲ့တဲ့ တိုက်စစ်မှူး တစ်ယောက် လို စိတ်ပျက်နေမှု က သူမ မျက်နှာပေါ်မှာ အထင်းသား။

ဆန်းထက် ကတော့ သူ့ဒသ  နနဲ့သူ ဟုတ်လို့။ မယားမျက်နှာကိုလည်း သတိထားမိပုံမရ။ သူပြောချင်တာကိုသာ ဆက်ပြောနေတယ်။

သူမ ကတော့ သူပြောသမျှကို အံ့ဩတကြီး ငေးမောနေမိတယ်။

“သိလား...မိန်းမ..ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းဆုံးက ဘောလုံးသမားတွေ နဲ့ နည်းပြတွေ ပဲကွ...အင်တာနည်းပြ မော်ရင်ဟိုဆိုရင်...”

“ဆန်း.........ထက်...”

“အမ်...”

သူမရဲ့ ဒေါသတကြီး အော်သံကြောင့် ဆန်းထက် တစ်ယောက် ကြောင်စီစီလေး ဖြစ်သွားပြီး...

“ဖြည်းဖြည်း အော်ပါ...မိန်းမရာ...ဗိုက်ထဲက ကလေးလေးလည်း ပလွတ်ကနဲ ထွက်ကျလာပါဦးမယ်...”

“ထွက်...ထွက်ဟာ...မိန်းမ ကတော့ အကောင်းမှတ်လို့ နားထောင်နေတာ....ဒင်း ကတော့ အရည်မရ အဖတ်မရနဲ့ အလကားလျှောက်ပြောနေတယ်”

“မဟုတ်ဘူးလေ...မက်ဆီဆိုတာက...”

“တော် တော့ ဆန်းထက်....မက်ဆီတွေ ဂလက်ဆီတွေ ကျွန်မ နားမလည်ဘူးနော်.. အဲဒါကြောင့် လည်း ဖေဖေက ပြောတာ...”

သူမ စကားကြောင့် ဆန်းထက်က ပက်ကနဲ ပြန်မေးလိုက်တယ်။

“နေစမ်းပါဦး....အေး အဖေက ကိုယ့်ကို ဘာပြောနေလို့လဲ...”

“ဘာပြောရမလဲ...ညည်းယောကျ်ားက ယောင်ခြောက်ဆယ်သမားတဲ့။ ယောကျ်ား တစ်ယောက် လုပ်နေပြီး ဘာမှ ဖြစ် ဖြစ်မြောက်မြောက် ရှိတဲ့ကောင် မဟုတ်ဘူးတဲ့...ဟုတ်ပ့ါ ရှင်က ဘာမှ သုံးစားရမှာ မဟုတ်ဘူး...”

“ရွှေရင်အေး...မင်း ဘာပြောလိုက်တယ်ကွ...ဒါ...ငါ့လို အိမ်ဦးနတ်ကို မင်း စော်ကားလိုက်တာပဲ...မင်း မသိဘူးလားကွ...သားကို သခင် လင်ကို ဘုရားတဲ့... ကိုယ့်ယောကျ်ားကို မင်းက ဒီလိုပြောစရာလား...”

ဆန်းထက် စိတ်တိုတိုနဲ့ သူမကို ပိတ်ဟောက်ပစ်လိုက်တယ်။ သူမကလည်း မခံ၊ ပြန်ပက်တယ်။

"ဩော်...ရှင်က တော် တော် ကိုးကွယ်စရာ ကောင်းတာကိုရှင့်...အဟင်း...ဟင်း"

သူမက မဲ့ကာရွဲ့ကာနဲ့ မခိုးမခန့် ပြန်ပြောတော့ ဆန်းထက် အတော် ဒေါသဖြစ်လာတယ်။ ဘယ်အချိန်ကတည်းက ချောင်းနားထောင်နေမှန်း မသိတဲ့ ဦးရွှေဘ ကတော့ အခန်းအပြင်ဘက်ကနေ သမီး ဖြစ်သူကို သဘောအကျကြီး ကျနေတယ်။

"ဟာကွာ...ဒီမိန်းမ ငါလုပ်လိုက်ရ သေတော့မယ်..."

"အမယ်...ရှင် ထိရဲရင် ထိကြည့်စမ်းပါ...ကျွန်မက မှန်တာပြောတာရှင့်.."

"မင်းပြောလေ...ကဲလေပါလားကွ...တောက်...ငါကွာ..."

"ကဲဟယ်.."

"ဘုန်းဘုန်း"

"အင့်..."

"အား..."

"ကျွီ..."

အခန်းတံခါးပွင့်သံနဲ့အတူ ဦးရွှေဘ ဝင်လာတယ်။ မဝင်လို့လည်း မဖြစ်တော့ဘူးလေ...။ ဒါ...သူမွေးတဲ့ စနက်...။ သူ့ရှို့တဲ့မီး။

"ဟိတ်ကောင်...မင်း ငါ့အိမ်မှာ နေပြီး...ငါ့သမီး ကိုယ်ဝန်ကြီးနဲ့ကို ကိုယ်ထိလက်ရောက် စော်ကားရအောင်...မင်း လူမှ ဟုတ်သေးရဲ့ လားကွ ဟင်"

"အမယ်...ဘာမှ မသိပဲနဲ့ ဝင်ပြောမနေနဲ့"

"ဘာကိစ္စ မသိရမှာ လဲ...မင်းတို့ စ ဖြစ်ကတည်းက ငါ ချောင်း...အဲလေ...ငါကြားတယ်ကွ... မင်းမှာ းတယ် ငါ့သမီး မှန်တယ်"

တစ်ဖက်သတ်ကြီး ပြောနေတဲ့ ယောက္ခထီးကြီးကို သူတစ်ချက်ဆွေကြည့်လိုက်ပြီး...

"အမ်.."

ဒီတစ်ခါတော့ ဦးရွှေဘ ပါးစပ်ပိတ်သွားတယ်။ ဟုတ်ပါရဲ့ ...ဒီကောင့် နဖူးမှာ ဘုကြီးက နည်းတာကြီး မဟုတ်ဘူး။ ငါ့သမီးလက်သံ တယ်ပြောင်ပါလား။ မှတ်ထား...အဲဒါ ငါ့သမီးကွ။

"ဘာမှ အစအဆုံး မသိဘဲနဲ့ ဝင်ပြောဖို့ပဲ သိတယ်"

ဆူညံ့ဆူညံ့ အသံတွေ ကြောင့် ဒေါ်အေးမိုးပါ ပျာပျာသလဲနဲ့ ရောက်လာတယ်။

"ဟဲ့....ဘယ်လိုတွေ ဖြစ်ကြတာတုံး...ဟယ်...သား နဖူးမှာ လည်း ဘုကြီးနဲ့ပါလား"

"ရပါတယ် အမေ...အမေ့ သမီးနဲ့ အမေ့ယောက်ျားတို့ပေါင်းပြီး ကျွန်တော့် ကို ဆော်ပလော်တီး ထားကြတာ"

"အို...ကျွတ်ကျွတ်....ကျွတ်ကျွတ်...မသေကောင်း မပျောက်ကောင်းကွယ်...."

ဒေါ်အေးမိုးက ပြောပြောဆိုဆိုနှင့် ဆေးပုလင်း သွားယူတယ်။

"အေးပေါ့ကွာ....မင်းတို့က အိမ်ကွင်းက အိမ်ရှင်တွေ ဆိုပြီး ငါ့ကို ဒီအချူး ချူး လို့ ကတော့ လုံးဝမရဘူးနော်...ငါဆိုတဲ့ကောင်က အဝေးကွင်း အိမ်ကွင်း မရွေးဘူး..."

ဆန်းထက်ရဲ့ ပေါက်ကွဲသံစဉ်ကို ရွှေရင်အေးက ခပ်တည်တည်နဲ့ "အဲဒီ တော့ ဘာလုပ်ချင်လဲ..." ဆိုပြီး မထိတထိ မေးလိုက်ပြန်တယ်။

"ဘာလုပ်ချင်လဲ...ဟုတ်လား...ရတယ် ရတယ်..ငါ ...ဒီအိမ်ပေါ်ကနေ ခု ချက်ချင်း ဆင်းတယ်"

ဆန်းထက်က ပြောပြောဆိုဆိုနဲ့ ဧည့်ခန်းထဲက သူ့ကိုယ်ပိုင် P2 Game စက်နဲ့ ဘောလုံးဂျာနယ်တွေ ကို ကောက်ထည့်နေတ်။

ဆေးပုလင်းယူလာတဲ့ ဒေါ်အေးမိုးက ဆန်းထက်ကို ငေးကြောင်ကြောင်လေးကြည့်ပြီး အံ့အားသင့်သွားတယ်။ ဦးရွှေဘ တစ်ယောက် လည်း

မျက်ခုံးလှုပ်နေရှာတယ်။

တကယ်တမ်း ဆန်းထက် အိမ်ပေါ်က ဆင်းမယ်လုပ်တော့ ရွှေရင်အေးရင်ထဲ မအေးလှ။ သူမ စကားတစ်ခွန်းကြောင့် ဆိုပြန်တော့ သူမ ပိုခံရခက်နေတယ်။ ပြန်တားဖို့ကျပြန်တော့လည်း သူမ မာနနဲ့ သူမမို့ ဘာစကားမှ ဝင်မပြော ဖြစ်တော့...။

"ကဲ...အမေ..ကျွန်တော့် ကို ခွင့်ပြုပါဦး"

"မဟုတ်တာ သားရယ်.....ဘာအိမ်ပေါ်က ဆင်းစရာ လိုလို့လဲ....လင်နဲ့မယားဆိုတာ လျှာနဲ့သွားပဲ...အဆင်မပြေလည်း ခဏပေါ့ကွယ်....သမီးလေးကလည်း ကိုယ့်ယောကျ်ားကို ဒီလိုမပြောရဘူးလေ... ရှင်....ကိုရွှေဘ...အမိက တရားခံက ရှင်ပဲ...ကလေးတွေ ကြားထဲကို..."

ဒေါ်အေးမိုးရဲ့ ဗျစ်တောက်ဗျစ်တောက် စကားမဆုံးခင် သူ ထွက်လာခဲ့တယ်။ ရွှေရင်အေးတော့ ဘယ်လို ကျန်ခဲ့တယ် မသိ။ သူ ကတော့ နောက်ကို တစ်ချက်ကလေးမှကို လှည့်မကြည့် ဖြစ်တော့ပါ။

*

အဝေးကွင်းမှာ

ကိုယ်ဟာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသူပေါ့

ပျော်နေပါတယ်ကွယ်

ဒုတိယအကျော့

ကိုယ့်အိမ်ကွင်းမှာ ပြန်လည်ဆုံတွေ့ကြဖို့

ရလာဒ်တွေ ဘယ်လောက်ပဲ

ဆိုးဝါးနေပါစေ

ရာသီအကုန်မှာ သရဖူယူမယ့်လူဟာ

ကိုယ်ပဲ ဖြစ်နေစေရမယ်....

ကြားဖြတ်တင်ဆက်မှု (၁၀)

ဟုတ်ကဲ့...။ ကိုယ့်ဆရာတို့ရဲ့ မဟာအထောင် တိုက်စစ်မှူး ကြီး ဆန်းထက် တစ်ယောက် P2 Game စက်ကို ရင်မှာ ပိုက်ပြီး အိမ်ပေါ် (ယောက္ခမအိမ်) ကနေ ဆင်းလာပြီး သကာလ...သူ့မိဘအိမ်ကိုလည်း မပြန်ချင်သေးတာနဲ့ သူငယ်ချင်း ဖိုးလုံးရဲ့ အိမ်ကို ရောက်နေပါတယ်။

ရွှေရင်အေး ကတော့ အခန်းထဲမှာ ကြိတ်ငိုနေတယ်။ ဦးရွှေဘ ကတော့ သူနဲ့ ဘာမှမဆိုင်သလိုလိုနဲ့ ဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီး ဖတ်ဟန်ဆောင်နေပြန်ပါတယ်။ ကြားထဲက ဒေါ်အေးမိုး ကတော့ ဆန်းထက်မိဘတွေ ဆီကို အကြောင်းကြားလိုက်တယ်။

ဆန်းထက်မိဘတွေ အိမ်ကိုလည် ပြန်မလာဘူးဆိုတဲ့ သတင်းကြောင့် အားလုံးမျက်ကလူး ဆန်ပြာတွေ ဖြစ်ကုန်ကြတယ်။

သတင်းစာထဲပဲ လူပျောက်ကြော်ငြာရတော့မလိုလို...ဘာလိုလိုနဲ့ပေါ့။ နောက်ဆုံး ဆန်းထက်မိဘတွေ က ဖိုးလုံးဆီ လှမ်းမေးမှပဲ အားလုံးရင်အေးသွားရတော့တယ်။

မိန်းမနဲ့ စကားများ ပြီး အိမ်ပေါ်က ဆင်းလာတဲ့ ယောကျ်ားတွေ ထဲမှာ ဆန်းထက်လိုလူမျိုး တော့ ပါနိုင်မယ် မထင်ဘူးလေ

တချို့ ဆို....အရက်ဆိုင် ရောက်မယ်ဗျာ...အသဲကွဲမယ်...အမူးဆွဲမယ်ပေါ့ဗျာ။ အခုတော့ ဆရာသမားလေး ဆန်းထက်က ဒီလို မဟုတ်ဘူးဗျ။

မောင်ဖိုးလုံးတို့အိမ်မှာ သူ သယ်လာတဲ့ P2 – Game စက်ကလေးနဲ့ အေးအေးလူလူ ဆော့ကစားလို့တဲ့ဗျ။